# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လွန်စွာကပ်ငြိသည့်စိတ်**

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုး တိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍ သွား၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၄၇)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၃၁၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

## ယခုကဲ့သို့ မိမိတို့၏ တွေ့ဆုံဆွေးနွေးမှုသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်း


*စာမျက်နှာ ၃ ကော်လံ ၁* ❖




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။


**ယနေ့ ဖတ်စရာ**

၂၀၂၄ ခုနှစ်၊ (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ တတိယနေ့ ဆက်လက်ကျင်းပ — ပြည်တွင်းသတင်း စာ ၅

စိတ်ခွန်အားမှုသည် စိတ်တန်ခိုးဖြင့် … ဆီသို့ — ဆောင်းပါး စာ ၁၆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

❖ **နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ အခြားငွေကြေးလိမ်လည်မှုနှင့် တရားမဝင်လုပ်ငန်းများ ပပျောက်စေရေး နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး**

*❖ ရှေ့ဖုံးမှ*

နှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သူ H.E. Ms. Ma Jia၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong၊ အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun နှင့်အဖွဲ့ဝင်များတက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေပေါင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ယခင်ကတည်းက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ရပ်နှင့်အညီ အေးအတူပူအမျှ အသိုက်အဝန်းကို အတူတကွတည်ဆောက်ထားသည့် နိုင်ငံများဖြစ်ကြောင်း၊ ယခုကဲ့သို့ မိမိတို့၏ တွေ့ဆုံဆွေးနွေးမှုသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းဖြင့် နှုတ်ခွန်းဆက်စကားပြောကြားသည်။

**တရုတ်နိုင်ငံအနေဖြင့် အလေးထားပူးပေါင်း**

ထို့နောက် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေပေါင်း၊ မိတ်ဆွေကောင်း နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲမှုကို အခိုင်အမာထောက်ခံပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ဆောင်ရွက်နေမှုနှင့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်း ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးအတွက် တရုတ်နိုင်ငံအနေဖြင့် အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် EAO အဖွဲ့များ၏မြို့ရွာများအပေါ် တိုက်ခိုက်မှုဖြစ်စဉ်များနှင့် ပတ်သက်၍လည်း တရုတ်နိုင်ငံအနေဖြင့် ဆန့်ကျင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ အခြားငွေကြေးလိမ်လည်မှုနှင့် တရားမဝင်လုပ်ငန်းများ ပပျောက်စေရေး နှစ်နိုင်ငံ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၄**

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရို အဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စမာကျားနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (ဓာတ်ပုံ)

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့နှင့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကျင်းပစဉ်။

# မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

- ❖ **တရုတ်နိုင်ငံဘက်မှ ဆွေးနွေးရာတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲထောက်ခံအားပေးနေပါကြောင်း၊ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy ) အပေါ် မြန်မာနိုင်ငံက အစဉ်တစိုက် ရပ်တည်ထောက်ခံအားပေးနေမှုအပေါ် တန်ဖိုးထားပါကြောင်းနှင့် နိုင်ငံတကာမျက်နှာစာ၌လည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အမြဲရပ်တည်ပေးလျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမှုနှင့်ပတ်သက်၍ လိုအပ်သည့် နည်းပညာကူညီမှုများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊**
- ❖ **မြန်မာဘက်မှ ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်စေမည့် မည်သည့်ကိစ္စရပ်များကိုမဆို မြန်မာနိုင်ငံမှတစ်ဆင့် လုပ်ဆောင်နေမှုများအား လုံးဝလက်ခံမည်မဟုတ်ကြောင်း၊ တရုတ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးတို့အပေါ် အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊**

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲသို့မြန်မာနိုင်ငံဘက်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဇော်မင်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံဘက်မှ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သူ H.E. Ms. Ma Jia၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong၊ အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြပြီး ရှည်လျားခိုင်မာသည့် ဆက်ဆံရေးသမိုင်းကြောင်းရှိကာ လာမည့် ၂၀၂၅ ခုနှစ်တွင် သံတမန်ဆက်ဆံရေး ၇၅ နှစ်ပြည့် စိန်ရတုနှစ်သို့ ရောက်ရှိမည်ဖြစ်သည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအတွက် ထာဝရမိတ်ဆွေနိုင်ငံ၊ ယုံကြည်စိတ်ချရသော နိုင်ငံအဖြစ် ခိုင်ခိုင်မာမာ ရပ်တည်သွားမည့်အခြေအနေများ၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ကို စတင်သဘောတူဆောင်ရွက်ခဲ့သည့် နိုင်ငံများဖြစ်သည့်အားလျော်စွာ တည်ငြိမ်အေးချမ်းရေးကို အလေးထားသည့်အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် အညီ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံတွင် ပါဝင်မှုအခန်းကဏ္ဍနှင့် အာဆီယံ၏ပဋိညာဉ်အတိုင်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဋ္ဌမရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး လိုအပ်သည့်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မဲစာရင်းများ တိကျမှန်ကန်မှုရှိစေရေး ယခုနှစ် အောက်တိုဘာလအတွင်း လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူသွားမည့်အခြေအနေများ၊ ရွေးကောက်ပွဲဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ပါတီအားလုံး လွတ်လပ်စွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေး ဆောင်ရွက်ပေးနေသည့်အခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်နေမှုအခြေအနေများ၊ နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ မြန်မာနိုင်ငံဘက်မှ ဦးစွာဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တရုတ်နိုင်ငံဘက်မှ ဆွေးနွေးရာတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြဲထောက်ခံအားပေးနေပါကြောင်း၊ တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy )အပေါ် မြန်မာနိုင်ငံက အစဉ်တစိုက် ရပ်တည်ထောက်ခံအားပေးနေမှုအပေါ် တန်ဖိုးထားပါကြောင်းနှင့် နိုင်ငံတကာမျက်နှာစာ၌လည်း တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အမြဲရပ်တည်ပေးလျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူမှုနှင့်ပတ်သက်၍ လိုအပ်သည့် နည်းပညာကူညီမှုများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍လည်း လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ရွေးကောက်ပွဲတွင် သက်ဆိုင်သူများအားလုံး ပါဝင်နိုင်သည့် ရွေးကောက်ပွဲဖြစ်စေရေး တိုက်တွန်းလိုပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် မြန်မာဘက်မှ ဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၏ အကျိုးစီးပွားကို ထိခိုက်စေမည့် မည်သည့်ကိစ္စရပ်များကိုမဆို မြန်မာနိုင်ငံမှတစ်ဆင့် လုပ်ဆောင်နေမှုများအား လုံးဝလက်ခံမည်မဟုတ်ကြောင်း၊ တရုတ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးတို့အပေါ် အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

**ထာဝရမိတ်ဆွေနိုင်ငံအဖြစ် တည်ရှိနေမည်**

ယင်းနောက် တရုတ်နိုင်ငံဘက်မှ ဆွေးနွေးပြောကြားရာတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ကုန်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ စသည့်ကဏ္ဍစုံတို့၌ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကိုလည်း ခိုင်ခိုင်မာမာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး စည်းလုံးညီညွတ်ရေးနှင့် မြန်မာနိုင်ငံ၏ အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် တည်ရှိနေမှုကို ထောက်ခံလျက်ရှိကြောင်း၊ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းနှင့် တရုတ်နိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံအတွက် ထာဝရမိတ်ဆွေနိုင်ငံအဖြစ် တည်ရှိနေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေး



**နေပြည်တော် ဩဂုတ် ၁၄**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာ ဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကို ယနေ့ ည ၇ နာရီ ၁၀ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပသည်။ (ယာပုံ)

အဆိုပါ နှစ်နိုင်ငံဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို ဆက်လက်ပိုမိုခိုင်မာလာစေရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အပြုသဘောဆောင်သည့် ကူညီပံ့ပိုးမှုများ ဆက်လက်ပေးအပ်သွားရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံမှ ကူညီထောက်ပံ့သွားမည့် အခြေအနေ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် နှစ်နိုင်ငံ အပြန်အလှန်ထောက်ခံ ရပ်တည်သွားရေးနှင့် နှစ်နိုင်ငံအကျိုးတူ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ ထို့ပြင် ဒုတိယဝန်ကြီးချုပ်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးအား မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှု အခြေအနေများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။



ညပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့အား Horizon Lake View ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ (ဝဲပုံ)

သတင်းစဉ်

# ၂၀၂၄ ခုနှစ်၊ (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ တတိယနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

၂၀၂၄ ခုနှစ်၊ (၁၄၂) ကြိမ်မြောက် မြန်မာ့ တောင်ပင်လယ်ပုလဲရောင်းချပွဲ တတိယနေ့ကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ နံနက်ပိုင်းမှစ၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ရောင်းချရန် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ထို့နောက် တင်ဒါအမှတ်(၃) ဖြစ်သည့် ပုလဲအတွဲ အမှတ်(၂၃၁) မှ အတွဲအမှတ် (၃၄၅) တွဲအထိနှင့် တင်ဒါအမှတ်(၄) ဖြစ်သည့် ပုလဲအတွဲအမှတ် (၃၄၆) တွဲမှ ပုလဲအတွဲအမှတ် (၄၆၀) အထိကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြကာ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။



မွန်းလွဲပိုင်းတွင် ၂၀၂၄ ခုနှစ်၊ (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဗဟိုကော်မတီနာယက၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းသူနှင့်တာဝန်ရှိသူတို့သည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲများရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် တင်ဒါအမှတ်(၃) နှင့် တင်ဒါအမှတ် (၄)တို့မှ ပုလဲအတွဲပေါင်း(၂၃၀) တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း (၁၈၄) တွဲ ရောင်းချရကြောင်း ကြေညာသည်။

ပုလဲရောင်းချပွဲ စတုတ္ထနေ့တွင် တင်ဒါအမှတ်(၅) ဖြစ်သည့် ပုလဲအတွဲအမှတ်(၄၆၁)မှ အတွဲအမှတ် (၅၈၀) အထိ ပုလဲအတွဲပေါင်း (၁၂၀) တွဲနှင့် တင်ဒါအမှတ် (၆)ဖြစ်သည့် ပုလဲအတွဲအမှတ် (၅၈၁) မှ အတွဲအမှတ်(၇၀၀)အထိ ပုလဲအတွဲပေါင်း (၁၂၀) တွဲတို့ကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

မြန်မာ့ပုလဲရောင်းချပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲများနှင့် အတူ ပူးပေါင်း၍လည်းကောင်း၊ မြန်မာ့ပုလဲ သီးသန့်ဖြင့်လည်းကောင်း အောင်မြင်စွာ ကျင်းပပေးခဲ့ရာ ယခုကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ်၊ (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လှိုင်ကော်မြို့တွင် ဆရာ ဆရာမများကို ဆန်၊ ဆီ၊ ကြက်ဥများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဩဂုတ် ၁၄**

ကယားပြည်နယ် လှိုင်ကော်မြို့ ဒေါတမရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းနှင့် ဒေါနိုးကူးရပ်ကွက်ရှိ အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ဆရာ ဆရာမများအား ဆန်၊ ဆီ၊ ကြက်ဥများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာကျောင်းခန်းမဆောင်များ၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ဆရာ ဆရာမများအတွက် ဆန်၊ ဆီ၊ ကြက်ဥများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်

**နေပြည်တော် ဩဂုတ် ၁၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက်စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာယနေ့ နံနက်ပိုင်းက ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကိုလွင်၊ ပြည်ထောင်စုရာထူးဝန် ဥက္ကဋ္ဌ ဦးအောင်သော်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ပြည်ထဲရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းသုံးရာနှင့် ငွေကျပ်သိန်းနှစ်ရာတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့်စားသောက်ဖွယ်ရာများကို တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်စဉ်။



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့်စားသောက်ဖွယ်ရာများကို တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်စဉ်။

ငါးဆယ်နှင့် ငွေကျပ်နှစ်ဆယ့်နှစ်သိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်း သုံးရာတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ် လေးရာ့ငါးသိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဝန်ထမ်းမိသားစုများနှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များရှိ သင်တန်းသား သင်တန်းသူများက ငွေကျပ်ခြောက်ဆယ့်သုံးသိန်းနှင့် ငွေကျပ်သိန်းတစ်ရာ့တစ်ဆယ်တန်ဖိုးရှိစားသောက်ဖွယ်ရာများကိုလည်းကောင်း၊ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၇) ကျောင်းဆင်းအရာရှိမိသားစုများက ငွေကျပ်တစ်ဆယ့် ခုနစ်သိန်းကိုလည်းကောင်း လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကော်မရှင်ဥက္ကဋ္ဌများနှင့် အလှူရှင်များက တိုင်းမှူးထံ အသီးသီး ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများကို ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှပ်ရှပ်ချွံချွံ တာဝန်ထမ်းလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ငွေရေးကြေးရေးတည်ငြိမ်မှုနှင့် ကြီးကြပ်စစ်ဆေးမှုဆိုင်ရာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများဆွေးနွေးပွဲနှင့် (၁၅) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

ငွေရေးကြေးရေး တည်ငြိမ်မှုနှင့် ကြီးကြပ်စစ်ဆေးမှုဆိုင်ရာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများဆွေးနွေးပွဲနှင့် (၁၅) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးကို ဩဂုတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Virtual ဖြင့် တက်ရောက်သည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၃ ရက်တွင် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့၊ ငွေရေးကြေးရေးတည်ငြိမ်မှုနှင့် ကြီးကြပ်စစ်ဆေးမှုဆိုင်ရာ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ ဆွေးနွေးပွဲကို တက်ရောက်သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဟောင်ကောင် ငွေကြေးအာဏာပိုင်အဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဘဏ်လုပ်ငန်းကဏ္ဍတွင် ဖြစ်ပေါ်နိုင်သော ဆုံးရှုံးမှုများကို ဖယ်ထုတ်ရှင်းလင်းနိုင်ရေးအတွက် လိုအပ်သည့် စွမ်းဆောင်ရည် (Loss Absorbing Capacity – LAC) ဆိုင်ရာ အကြောင်းအရာများကို လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာစာရင်းရှင်းလင်းရေးဘဏ်မှ ကြွေးမြီပေးဆပ်ရန် အခက်အခဲဖြစ်ပေါ်နေသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ကြွေးမြီများကို သက်သာရာရရှိစေရန် ပြုလုပ်ပေးသည့် “Bail–in”ဆိုင်ရာ အကြောင်းအရာများကို ဆွစ်ဇာလန်နိုင်ငံ၏ ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုဖြစ်သည့် Credit Suisse ၏ အတွေ့အကြုံများနှင့် နှိုင်းယှဉ်၍ သုံးသပ်ဆွေးနွေးခြင်းကို လည်းကောင်း၊ စင်ကာပူငွေကြေးအာဏာပိုင်အဖွဲ့နှင့် SEACEN Centre တို့မှ ခရစ်တို ရရန်ပိုင်ခွင့်များနှင့် တန်ဖိုးတည်ငြိမ်သောကွိုင်များ (Stablecoins) နှင့်စပ်လျဉ်းသည့်ဆုံးရှုံးနိုင်ခြေနှင့် မူဝါဒဆိုင်ရာ အလားအလာများသုံးသပ်ဆွေးနွေးခြင်းကိုလည်းကောင်း၊ ကမ္ဘာ့ဘဏ်၊ အင်ဒိုနီးရှားနိုင်ငံဗဟိုဘဏ်နှင့် ဟောင်ကောင်ငွေကြေး




အာဏာပိုင်အဖွဲ့တို့မှ ဒေသတွင်းနိုင်ငံများအနေဖြင့် အစိမ်းရောင်စီးပွားရေးအသွင် ကူးပြောင်းမှုအတွက် ဘဏ္ဍာငွေအရင်းအမြစ်များရှာဖွေနိုင်ရေးဆိုင်ရာ အလားအလာများကို သုံးသပ်ဆွေးနွေးခြင်းကိုလည်းကောင်း၊ မလေးရှားနိုင်ငံဗဟိုဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ စာရင်းရှင်းလင်းရေးဘဏ်တို့မှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ တုံ့ပြန်ဆောင်ရွက်ရေး စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်နိုင်ရေးဆိုင်ရာ စိန်ခေါ်မှုများနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးခြင်းကို လည်းကောင်း ဆောင်ရွက်ခဲ့ကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများနှင့် အဆင့်မြင့်အရာရှိကြီးများက တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏အတွေ့အကြုံနှင့် ဗဟုသုတများကို အမြင်ချင်းဖလှယ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့၏ ခေတ္တအမှုဆောင်ဒါရိုက်တာ Dr. Srichander Ramaswamy က ဒေသတွင်းနိုင်ငံများ၏စီးပွားရေးအလားအလာနှင့် ငွေလုံးငွေရင်း စီးဆင်းမှုများကိုလည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ ဗဟိုဘဏ်၊ ထိုင်းနိုင်ငံ ဗဟိုဘဏ်နှင့် နီပေါနိုင်ငံဗဟိုဘဏ်တို့မှ ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်ရေးအပေါ် သက်ရောက်လျက်ရှိသည့် ဆုံးရှုံးနိုင်ခြေများနှင့် အဆိုပါအခြေအနေများကို ထိန်းကျောင်းနိုင်ရေးအတွက် ကြီးကြပ်စစ်ဆေးမှုများကို နိုင်ငံအလိုက် ဆောင်ရွက်နေမှုများကိုလည်းကောင်း ပြောကြားခဲ့ကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများနှင့် အဆင့်မြင့်အရာရှိကြီးများက တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏ အတွေ့အကြုံနှင့် ဗဟုသုတများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် (၁၅) ကြိမ်မြောက် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ တံခါးပိတ်အစည်းအဝေးသို့ တက်ရောက်သည်။ အစည်းအဝေးတွင် အရှေ့တောင်အာရှဗဟိုဘဏ်များအဖွဲ့မှ ခေတ္တအမှုဆောင်ဒါရိုက်တာ Dr. Srichander Ramaswamy က ၂၀၂၃ ခုနှစ်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် (၁၄) ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်များအဖွဲ့ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများ အစည်းအဝေးမှတ်တမ်းအား အတည်ပြုခြင်းကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် ငွေရေးကြေးရေးတည်ငြိမ်မှုနှင့် ကြီးကြပ်စစ်ဆေးမှုဆိုင်ရာ သင်တန်းများနှင့် သုတေသနစာတမ်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ SEACEN အဖွဲ့ဝင်နိုင်ငံများသို့ အထောက်အပံ့ပေးမှုများနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြခဲ့ရာ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများနှင့် အဆင့်မြင့်အရာရှိကြီးများက ဖြည့်စွက်ဆွေးနွေးကာ လိုအပ်သည်များကို အကြံပြုပြောကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ (၃/၂၀၂၄) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး ကျင်းပ




**နေပြည်တော် ဩဂုတ် ၁၄**
နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှု ကော်မတီ (၃/၂၀၂၄) ကြိမ်မြောက် ညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးထွန်းအုံ၊ အမြဲတမ်းအတွင်းဝန် များနှင့် ဌာနအကြီးအကဲများ တက်ရောက် ကြသည်။

**စာရင်းဇယားများကို စနစ်တကျပြုစု**

ဦးစွာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ၆ ခုသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက်အထိ ချေးငွေများထုတ်ချေး ပြီးစီးမှုနှင့် ချေးငွေပြန်လည်ပေးဆပ်မှု၊ နယ်မြေဒေသအခြေအနေနှင့် မိုးခါမုန်တိုင်း တိုက်ခတ်မှုတို့ကြောင့် ချေးငွေ အရင်း/ အတိုး ဆိုင်းငံ့ပေးခဲ့မှုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တင်ပြသော နွေစပါး၊ မိုးစပါးနှင့် ဆီထွက် သီးနှံတို့အတွက် ချေးငွေစာချုပ်တန်ဖိုး သတ်မှတ်နိုင်ရေး၊ ချေးငွေများထုတ်ချေး ရာတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ နှင့်အညီ ထုတ်ချေးနိုင်ရေး၊ ချေးငွေ စာရင်းဇယားများကို စနစ်တကျပြုစု၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် များမှ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီများက ကြပ်မတ်ဆောင်ရွက်ရေးနှင့် မှတ်တမ်း တင်ထားရှိနိုင်ရေး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေး နှစ်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ် ရုံး၏ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာ အပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ဆေးပေးနိုင်ရန် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသို့ အကြောင်းကြားထား မှုအခြေအနေများကို ဆွေးနွေးမှာကြား သည်။

**အသေးစိတ်ညှိနှိုင်းဆွေးနွေး**

ထို့နောက် ကော်မတီဝင်များဖြစ်ကြ သည့် ပြည်ထောင်စုဝန်ကြီးများက ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း နွေစပါးစီမံကိန်း၊ မိုးစပါးစီမံကိန်း၊ ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်းအကောင်အထည် ဖော်ဆောင်ရွက်ခဲ့မှု၊ ၂၀၂၄-၂၀၂၅ ခုနှစ် အတွင်း မိုးစပါးချေးငွေနှင့် မိုးမြေပဲသီးနှံ ချေးငွေ ထုတ်ချေးရေး စာချုပ်ချုပ်ဆို ဆောင်ရွက်နေမှုအခြေအနေ၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ အသားတိုးကြက်၊ ဥစားဘဲ၊ အသားတိုးဝက်၊ နို့စားနွား၊ အသားတိုးနွား၊ သိုး၊ ဆိတ် မွေးမြူရေး ချေးငွေများ ထုတ်ချေးနေမှုအခြေအနေနှင့် စိုက်ပျိုးရေရရှိရေးစီမံကိန်း ဆောင်ရွက် နေမှုအခြေအနေ၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ ထုတ်ချေးနိုင်မှုနှင့် ကုန်ကြမ်းဝယ်ယူနိုင်ရေးအတွက် လုပ်ငန်း သုံး ရင်းနှီးငွေထုတ်ချေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး က (၂/၂၀၂၄) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီး မှုများနှင့် ယခုအစည်းအဝေးတွင် မှတ်တမ်း တင်ရန်နှင့် အတည်ပြုဆုံးဖြတ်ရမည့် ကိစ္စရပ်များကိုလည်းကောင်း၊ ကော်မတီ အဖွဲ့ဝင်များက ခာတ်မြေသြဇာရရှိမှု၊ ဆီစက်ချေးငွေနှင့် သွင်းအားစုများအတွက် ချေးငွေများ အချိန်မီထုတ်ချေးနိုင်ရေး၊ ချေးငွေစာချုပ်များ အချိန်မီချုပ်ဆိုနိုင်ရေး ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေး တင်ပြကြရာ အစည်းအဝေးသို့တက်ရောက် လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေး ခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌက လိုအပ်သည် များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေး သည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကို ထူထောင်၍ နွေစပါး၊ မိုးစပါးနှင့် ဆီထွက် သီးနှံများ အထွက်တိုးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ တိုးမြှင့်ထုတ်လုပ် နိုင်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက် လျက်ရှိရာ ချေးငွေများ ဆုံးရှုံးမှုမရှိစေ ရေး၊ ချေးငွေများ ထိရောက်စွာ အသုံးပြု နိုင်ရေးနှင့် လုပ်ငန်းများအောင်မြင်ရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများက မိမိတို့တာဝန်ယူရသည့်နယ်မြေတွင် နိုင်ငံ့ စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှု ကော်မတီများအား စနစ်တကျ တာဝန် များ ပေးအပ်ပြီး ကြပ်မတ်ဆောင်ရွက် ကြရန် တိုက်တွန်းမှာကြားသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် တိုင်း ဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသစီမံ အုပ်ချုပ်ရေးအဖွဲ့များနှင့် လက်တွဲပူးပေါင်း ပြီး နိုင်ငံတော်မှထောက်ပံ့ပေးသော နိုင်ငံ့ စီးပွားမြှင့်တင်ရေးရန်ပုံငွေကို အသုံးပြု ကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၏ စီးပွားရေးဦးတည်ချက် (၃) ရပ်ကို အောင်မြင်အောင် ကြိုးပမ်းအကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

# ရန်ကုန်စတော့အိတ်ချိန်း၏ ဒုတိယဈေးကွက် (Pre – Listing Board – PLB) တွင် ပထမဆုံးမှတ်ပုံတင်စာရင်းဝင်ကုမ္ပဏီဝင်ရောက်ခြင်း အခမ်းအနားကျင်းပ




**ရန်ကုန် ဩဂုတ် ၁၄**
အများပိုင် ကုမ္ပဏီများအနေဖြင့် အရင်းအနှီးဈေးကွက်မှတစ်ဆင့် အရင်းအနှီးရယူ စုစည်းနိုင်စေရန် ရည်ရွယ်၍ ရန်ကုန်စတော့ အိတ်ချိန်းတွင် မူလရှိပြီး စာရင်းဝင် ဈေးကွက်အပြင် နိုင်ငံတကာ စတော့အိတ်ချိန်းများကဲ့သို့ ဒုတိယ ဈေးကွက်အဖြစ် စာရင်းဝင်အကြို ဈေးကွက် (Pre – listing Board– PLB) ကို တည်ထောင်ထားရှိသည်။

ယခုအခါ ရန်ကုန်စတော့ အိတ်ချိန်း၏ ဒုတိယဈေးကွက် (Pre– Listing Board – PLB) တွင် ပထမဆုံး မှတ်ပုံတင်စာရင်းဝင် ကုမ္ပဏီအဖြစ် မြန်မာ့လယ်ယာ ထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုး တိုးတက်ရေးအများပိုင် ကုမ္ပဏီ လီမိတက် (Myanma Agricultural and General Development Public Co., Ltd – MAGDPL) သည် သတ်မှတ်အရည်အချင်းများ ပြည့်မီမှုကြောင့် ဝင်ရောက်လာ ပြီဖြစ်သည်။

အဆိုပါကုမ္ပဏီရန်ကုန်စတော့ အိတ်ချိန်း၏ ဒုတိယဈေးကွက် (PLB) တွင် မှတ်ပုံတင်စာရင်းဝင် သည့်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အမှတ်၊ ၂၄-၂၆၊ ဆူးလေဘုရား လမ်းရှိ ရန်ကုန်စတော့အိတ်ချိန်း ခန်းမ၌ ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးနှင့် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးမင်းထွဋ်က ရန်ကုန် စတော့အိတ်ချိန်းတွင် စာရင်းဝင်လိုသော်လည်း Main Board အတွက် သတ်မှတ်ထား သည့် စာရင်းဝင်စံသတ်မှတ်ချက် များ မပြည့်မီသေးသဖြင့် ဝင်ခွင့် မရသေးသော အများပိုင်ကုမ္ပဏီ များအတွက် ရန်ကုန်စတော့ အိတ်ချိန်း၏ ဒုတိယဈေးကွက် Second Board အဖြစ် တည်ထောင် ထားသော အကြိုစာရင်းဝင် ဈေးကွက် (Pre– listing Board– PLB) တွင် ဝင်ရောက်နိုင်ကြောင်း၊ PLB တွင် အတွေ့အကြုံများရယူ ပြီးမှ မူလဈေးကွက် (Main Board) ကို ဝင်ရောက်စာရင်းဝင် နိုင်ရေး ဆောင်ရွက်ခြင်းဖြင့် စာရင်းဝင်ကုမ္ပဏီများ ပိုမိုတိုးတက် လာပြီး ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်း များ ပိုမိုလာမည်ဖြစ်ကြောင်း၊ ယနေ့တွင်ရန်ကုန်စတော့အိတ်ချိန်း ၏ ဒုတိယဈေးကွက်ဖြစ်သော အကြိုစာရင်းဝင်ဈေးကွက် (Pre– Listing Board – PLB) တွင် မြန်မာ့လယ်ယာ ထွက်ကုန်နှင့် အထွေထွေ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက် (Myanma Agricultural and General Development Public Co., Ltd – MAGDPL) အား ပထမဆုံး မှတ်ပုံတင်စာရင်းဝင် ကုမ္ပဏီ အဖြစ် စတင်လက်ခံသည့် အထိမ်း အမှတ်အခမ်းအနားနှင့်အတူ အစု ရှယ်ယာများကို ပထမဆုံး စတင် အရောင်းအဝယ်ပြုလုပ်မည် ဖြစ်ပါ ကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်စတော့ အိတ်ချိန်း ဒါရိုက်တာ ဒေါ်ဖြူဖြူငွေး က PLB တွင် မှတ်ပုံတင်စာရင်း ဝင်ခြင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ အကျဉ်းချုပ်ပြောကြားကာ မြန်မာ့ လယ်ယာထွက်ကုန်နှင့် အထွေထွေ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးထွန်းလွင် က ကျေးဇူးတင်စကား ပြောကြား သည်။

ထို့နောက် ရန်ကုန်စတော့ အိတ်ချိန်းက မြန်မာ့လယ်ယာ ထွက်ကုန်နှင့် အထွေထွေဖွံ့ဖြိုး တိုးတက်ရေး အများပိုင်ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဦးထွန်းလွင်သို့ မှတ်ပုံတင်စာရင်းဝင် အသိအမှတ် ပြုလက်မှတ်ကို ပေးအပ်ပြီး မြန်မာ့လယ်ယာ ထွက်ကုန်နှင့် အထွေထွေ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ က ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ ဒုတိယဝန်ကြီးနှင့် ရန်ကုန် စတော့အိတ်ချိန်း ဒါရိုက်တာ ဒေါ်ဖြူဖြူငွေးတို့အား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ် သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင် အတွင်းရေးမှူး ဦးကြည်ဇင်ထွန်း၊ ရန်ကုန်စတော့ အိတ်ချိန်းဒါရိုက်တာ ဒေါ်ဖြူဖြူငွေး၊ မြန်မာ့လယ်ယာ ထွက်ကုန်နှင့် အထွေထွေ ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် မန်နေဂျင်းဒါရိုက်တာ ဒေါက်တာ မောင်မောင်အေးတို့က ရန်ကုန် စတော့အိတ်ချိန်းတွင် မှတ်ပုံတင် စာရင်းဝင်ခြင်း အထိမ်းအမှတ် အောင်ဖေယျတု ခေါင်းလောင်း ကို တီးခတ်ခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**

# နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ ကွပ်ကဲမှုအောက်ရှိ လုပ်ငန်းဆပ်ကော်မတီများနှင့်ဒေသဆိုင်ရာလုပ်ငန်းကော်မတီများ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် လျာထားစီမံကိန်းလုပ်ငန်းများစိစစ်ခြင်းဆိုင်ရာ လုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ကွပ်ကဲမှုအောက်ရှိ လုပ်ငန်း ဆပ်ကော်မတီများနှင့် ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်လျာထားစီမံကိန်း လုပ်ငန်းများ စိစစ်ခြင်းဆိုင်ရာ လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄) ကို ယနေ့မွန်းလွဲပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများမှ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက Zoom Application Online System ဖြင့် တက်ရောက်ကြသည်။

### ညှိနှိုင်းပေါင်းစပ်

ဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း လျာထားစီမံကိန်းလုပ်ငန်းများ စနစ်တကျ စိစစ်ဆောင်ရွက်နိုင်ရန်နှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလေးလတစ်ကြိမ် တင်ပြနိုင်ရေး ကြီးကြပ်ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ အနေဖြင့် မိမိတို့လျာထားမည့် စီမံကိန်းလုပ်ငန်းများသည် ဒေသအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်စေရန်အတွက် ဒေသဆိုင်ရာ ကော်မတီများဖြစ်သည့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ချိတ်ဆက်၍ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

သက်ဆိုင်ရာ ဝန်ကြီးဌာနများက စီမံကိန်းများ လျာထားဆောင်ရွက်ရာတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ ခွင့်ပြုမှုပေါ်အခြေခံပြီး လျာထားဆောင်ရွက်သွားကြရန်နှင့် မိမိတို့၏ လျာထားစီမံကိန်းလုပ်ငန်းများကို ဖြစ်နိုင်ခြေ ရှိ/ မရှိ သုံးသပ်၍ လျာထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခင်လုပ်ငန်းကော်မတီအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄) ဆုံးဖြတ်ချက်များကို အထူးအလေးအနက်ထား ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီအနေဖြင့် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာကို ဗဟိုကော်မတီသို့ အချိန်မီ ပြုစုတင်ပြနိုင်ရေးအတွက် လုပ်ငန်း ဆပ်ကော်မတီများနှင့် ဒေသဆိုင်ရာလုပ်ငန်း ကော်မတီများက ပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့် ၂၀၂၅-၂၀၂၆ လျာထားစီမံကိန်းလုပ်ငန်းများ အရည်အသွေးပြည့်မီ၍ အချိန်မီပြီးစီးရေး၊ ဘဏ္ဍာငွေအလေအလွင့် နည်းပါးစေရေးတို့အတွက် ကော်မတီအလိုက် ပါဝင်ပတ်သက်ဆက်နွှယ်သူများအချင်းချင်း ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများနှင့် ဒေသဆိုင်ရာလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက လက်ရှိဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဘဏ္ဍာနှစ်အလိုက် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်း ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြခဲ့ကြပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စနစ်တကျအသုံးပြုပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အလေးထားစိစစ်ဆောင်ရွက်ပေး

**နေပြည်တော် ဩဂုတ် ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၂၄)ကို ယနေ့နံနက် ၉ နာရီက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များနှင့် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ နေပြည်တော် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စနစ်တကျအသုံးပြုပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အလေးထားစိစစ်၍ အသုံးပြုခွင့်၊ လုပ်ကိုင်ခွင့်များကို ခွင့်ပြုချထားခြင်း၊ စိစစ်ထောက်ခံတင်ပြပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား အသုံးချခြင်းနှင့်ပတ်သက်၍ ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စရပ်များကို ဒေသတွင်းအကျိုးစီးပွားဖြစ်ထွန်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအတွင်းရေးမှူး၊ နေပြည်တော်မြေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူးက ဆွေးနွေးဆုံးဖြတ်ရမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌသည်နေပြည်တော် ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ပျဉ်းမနားမြို့ နံတော်စဉ် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ကုသလ မထေရ်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကာ ဝါတွင်းကာလ ဝါဆို၊ ဝါကပ်ကြမည့် သံဃာတော်များအတွက် ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ လှေလှော်အင်း စိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သောအဖွဲ့သည် ယနေ့တွင် ကော်မရှင်ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ လှေလှော်အင်းစိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများကို အိပ်ဆောင်များ၌ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှု၊ မိသားစုလာရောက်တွေ့ဆုံနိုင်မှု အခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှုအခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ထားရှိမှု၊ လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိ မရှိ အခြေအနေနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေစသည်တို့ကို မေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသားများကိုလည်း သီးခြားတွေ့ဆုံမေးမြန်းမှတ်တမ်းတင်ခဲ့သည်။

ယင်းနောက် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ သန့်ရှင်းသောသောက်ရေရရှိမှုအခြေအနေ၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်မှ လှူဒါန်းခဲ့သည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# သံအမတ်ကြီး ဦးတင်ယု ဘာရိန်းနိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၁၅**

ဘာရိန်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ဘာရိန်းနိုင်ငံ၊ မာနာမာမြို့၊ Al Sakhir နန်းတော်၌ ဘုရင်မင်းမြတ် ဟာမက်(ဒ်) ဘင်အစ်စာအယ်လ်ခါလီဖာထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **သတင်းစဉ်**

# အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) မိုးရာသီအားကစားပြိုင်ပွဲ ဆုချီးမြှင့်

**နေပြည်တော် ဩဂုတ် ၁၄**

အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို ဂုဏ်ပြုသောအားဖြင့် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၌ ဩဂုတ် ၇ ရက်က စတင်ကျင်းပခဲ့သည့် မိုးရာသီအားကစားပြိုင်ပွဲ၏ ဖူဆယ်ဘောလုံး(ကျား) ဗိုလ်လုပွဲကို ယနေ့နံနက်ပိုင်းက ကျောင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြသည်။



ပြိုင်ပွဲတွင်လျှပ်စစ်စွမ်းအားအင်ဂျင်နီယာအသင်းနှင့် စက်မှုအင်ဂျင်နီယာအသင်းတို့ ယှဉ်ပြိုင်ကြရာ စက်မှုအင်ဂျင်နီယာအသင်းက လေးဂိုး - သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပြိုင်ပွဲအပြီး၌ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) မှ ကျောင်းသား ကျောင်းသူများက အဖွဲ့လိုက် Fitness Dance ဖြင့် ပျော်ရွှင်စွာကပြဖျော်ဖြေကြပြီး တိုက်ကွမ်ဒိုသရုပ်ပြဖျော်ဖြေကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျောင်းပရာ ကျောင်းအုပ်ကြီးက ဒိုင်များ၊ Fitness Dance အဖွဲ့နှင့် တိုက်ကွမ်ဒိုသရုပ်ပြအဖွဲ့တို့ထံ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကာ တာဝန်ရှိသူများက ကြက်တောင်ပြိုင်ပွဲ၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲများမှ ဆုရအသင်းများကို ဆုများချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ဖူဆယ်ဘောလုံး (ကျား) ပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုများ၊ တတိယဆုရစက်မှုလယ်ယာနည်းပညာအသင်း၊ ဒုတိယဆုရ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာအသင်းနှင့် ပထမဆုရ စက်မှုအင်ဂျင်နီယာအသင်းတို့မှ ကျောင်းသားများထံ ဆုများ ချီးမြှင့်ပေးအပ်ကာ အသင်းများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **သတင်းစဉ်**

# လူငယ်လေ့လာရေးအစီအစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၄**

လူငယ်များ အချင်းချင်းအကြား ချစ်ကြည်ရင်းနှီးစွာဖြင့် အတွေ့အကြုံဗဟုသုတများ ဖလှယ်နိုင်စေရေး၊ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်စေရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် သဟဇာတဖြစ်သော လူမှုအသိုက်အဝန်းကို တည်ထောင်နိုင်စေရေးရည်ရွယ်၍ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီမှ စီစဉ်ဆောင်ရွက်ပေးသည့် လူငယ်လေ့လာရေးအစီအစဉ်နှင့် လူမှုအကျိုးပြု လုပ်ငန်းဆောင်ရွက်ခြင်းများကို ယနေ့နံနက် ၇ နာရီက စတင်ဆောင်ရွက်ကြသည်။

ဦးစွာ အဖွဲ့များခွဲ၍ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားကိုးကွယ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး လေ့လာရေး အဖွဲ့ဝင်များကို သိရှိလိုသည်များနှင့် ဘုရားသမိုင်းကြောင်းများကို တာဝန်ရှိသူများကလိုက်လံရှင်းလင်းပြောကြားကြသည်။



ထို့နောက် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာနှင့် ကလေးပြုစုရေးဌာနများသို့ သွားရောက်ကြပြီး အဘိုး အဘွားများအား ကျန်းမာရေးနှင့်သက်ဆိုင်သော အားပေးနှစ်သိမ့်စကားနှင့် ခွန်အားဖြစ်စေသောစကားများ ပြောကြားခြင်း၊ ခေါင်းဖြီးပေးခြင်း၊ ခြေသည်း/လက်သည်းများ ညှပ်ပေးခြင်း **(အောက်ဝဲပုံ)**၊ ပန်းချီရေးဆွဲခြင်း၊ သီချင်းများ သီဆိုခြင်းနှင့် ကလေးငယ်များနှင့်အတူ ကဗျာသီချင်းများ သီဆိုခြင်း၊ ဘောလုံးများဖြင့် ဆော့ကစားခြင်း၊ ပန်းချီဆေးရောင်စုံခြယ်ခြင်းများကို ဆောင်ရွက်ကြသည်။



ယင်းနောက် လူငယ်များ ဒေသန္တရဗဟုသုတများ တိုးပွားစေရန် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ သွားရောက်လေ့လာကြရာ လေ့လာရေးအဖွဲ့မှ လူငယ်များ သိရှိလိုသည်များကို တာဝန်ရှိသူများက ရှင်းလင်းပြသပေးခဲ့ကြပြီး အမှတ်တရ လက်ဆောင်များဝယ်ယူနိုင်ရန် ဥတ္တရသီရိ Ocean နှင့် Sinma Mall တို့သို့ ပို့ဆောင်ပေးသည်။

ဆက်လက်၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်ပြသထားသည့် အားကစားပြတိုက်၊ စိတ်ခွန်အားမြှင့်တင်ရေး ခန်းမ၊ အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များ ရရှိခဲ့သည့် အားကစားသမားများ၏ ပြိုင်ပွဲယှဉ်ပြိုင်နေမှုနှင့် ဆုရမှတ်တမ်းဓာတ်ပုံများ၊ ရွှေတံဆိပ်ဆုများစွာ ဆွတ်ခူးရယူပေးခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားဟောင်းကြီးများ၏ ပုံတူရုပ်တုများကို ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို ပြခန်းတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပေးကြကာ ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်းကို ဆက်လက်လေ့လာကြသည်။

“လူငယ့်အင်အား စွမ်းပကားဖြင့် နိုင်ငံ့ဂုဏ်ရောင်အလင်းဆောင်အံ့"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ လူငယ်များအနေဖြင့် မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်များတိုးပွားလာပြီး အနာဂတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အဓိက အင်အားစုများအဖြစ် ပါဝင်နိုင်စေရန်၊ မိမိနိုင်ငံနှင့်ယဉ်ကျေးမှုအပေါ် တန်ဖိုးထားချစ်မြတ်နိုးစိတ်များ တိုးပွားလာပြီး နိုင်ငံသားကောင်းတစ်ယောက်၏ အခွင့်အရေးနှင့်တာဝန်များကို ပိုမိုနားလည်စေရန်၊ မတူညီသောဒေသများမှ လူငယ်များ တွေ့ဆုံဆွေးနွေးခွင့် ရရှိသည့်အတွက် လူငယ်ထုအကြား ရင်းနှီးချစ်ခင်မှုနှင့် နားလည်ယုံကြည်မှု တည်ဆောက်ပေးနိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီမှ ယခုကဲ့သို့ လူငယ်လေ့လာရေးအစီအစဉ်များနှင့် လူမှုအကျိုးပြုလုပ်ငန်း အစီအစဉ်များကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး အဆိုပါ လေ့လာရေးခရီးစဉ်တွင် ပါဝင်သည့် လူငယ်များသည် ဩဂုတ် ၁၂ နှင့် ၁၃ ရက်များတွင် ကျင်းပခဲ့သည့် International Youth Day နှင့် Myanmar Youth Forum သို့ တက်ရောက်ခဲ့သည့် ထူးချွန်ဆုရလူငယ်များနှင့် တိုင်းဒေသကြီးပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ညောင်လေးပင်မြို့နယ်၌ တောင်သူပညာပေး ဆွေးနွေးပွဲပြုလုပ်

**ညောင်လေးပင် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မြို့နယ်သမဝါယမဦးစီးဌာနနှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ တောင်သူပညာပေးဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ရဲနွယ်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းရုံး၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းထွေးက တောင်သူပညာပေးဆွေးနွေးပွဲ ရည်ရွယ်ချက် ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ဦးထွန်းထွန်းခိုင်က ရဲနွယ်စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းပိုင်လယ် ၄၄၉ ဧက၏ မိုးစပါးစိုက်ခင်းများတွင် ပိုးမွှားရောဂါများကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောသည်။ ထို့နောက် ပိုးမွှားရောဂါများ ကြိုတင်ကာကွယ်ရေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



# ငွေရောင်အဆင်း ပလိပ်အင်း . . .

## ကိုရွှေမန်း (မန္တလေး)

*(ယမန်နေ့မှ အဆက်)*

ပလိပ်အင်းအတွင်း တိုင်းရင်းငါးမျိုးစိတ်များအနေဖြင့် ငါးပြေက်၊ ငါးခုံးမတုတ်၊ ငါးစင်ရိုင်း၊ ငါးခုံးမဘူးစေ့၊ ငါးမြွေနီ၊ ငါးမြွေနဂါး၊ ငါးစင်စပ်၊ ငါးဖန်းမ၊ ပုစွန်စိတ်မျိုးစိတ်များ၊ မွေးမြူရေးငါးများအနေဖြင့် ငါးအုံတုံ၊ ငါးမြစ်ချင်း၊ မြက်စားငါးကြင်း၊ ထိုင်းငါးခုံးမကြီး၊ ရွှေဝါငါးကြင်းတို့ကို ထည့်သွင်းမွေးမြူအောင်မြင်ကြောင်း တွေ့ရသည်။

အင်းအတွင်းပေါက်ရောက်သည့် အပင်အမျိုးအစားများမှာ ကြာလင်ပန်းများ ပေါများစွာပေါက်ရောက်ပြီး ရေမှော်၊ ကနဖော့၊ ဟင်းချန်၊ ရေကန်စွန်းတို့ဖြစ်သည်။

ရေနေကျေးငှက်မျိုးစိတ်များတွင် ဌာနေငှက်မျိုးစိတ်ဖြစ်သော ရောင်စုံစနိုက်ငှက်များနှင့် ရေကြက်မျိုးစိတ်များ ဥဥသားပေါက်ရာ အင်းတစ်အင်းဖြစ်ပါသည်။ ရေနေငှက် ၃၇ မျိုး၊ အခြားငှက် ခုနစ်မျိုး ကျက်စားနေထိုင်ကြောင်း သိရသည်။ ရေနေငှက် ၃၇ မျိုးတွင် စစ်စလီခေါ် ရေဝမ်းဘဲ၊ မောက်တင်၊ ကလကတ်၊ တောငန်း၊ ဟသ်ာ၊ တောဝမ်းဘဲ၊ ဘဲရစ်၊ ဘဲအ၊ ရှိုဗယ်လာဘဲ၊ ဘဲခေါင်းစိမ်း၊ တစီးမှုတ်၊ ခရုတုတ်၊ ခရုစုတ်၊ ခရုစုတ်ခေါင်းမည်း၊ ဥပန်း၊ တင်ကျီး၊ ဟေစ်မွဲ၊ ဟေစ်၊ ဗျိုင်း၊ ဗျိုင်းအောက်တို့ရှိကြောင်း မှတ်တမ်းများအရ သိရှိရသည်။

ဌာနေဗျိုင်းအမျိုးမျိုး၊ တင်ကြီးငှက်နှင့် စစ်စလီခေါ် ရေဝမ်းဘဲများကိုလည်း ရာသီမရွေး တွေ့ရှိရမည်ဖြစ်ပါသည်။ ဤသို့ နေထိုင်ကျက်စားနိုင်ခြင်းမှာ ပလိပ်အင်းသည် ရေနေငှက်များ အသက်ရှင်သန်နိုင်ရေးအတွက် လိုအပ်သော အစားအစာအမျိုးမျိုးပေါများစွာ တည်ရှိနေခြင်းကြောင့်ဖြစ်ပါသည်။

ပလိပ်အင်းသည် ရာသီအလိုက် ပြောင်းရွှေ့သည့် ငှက်များအတွက် စားကျက်ကောင်းတစ်ခုဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်း ဆောင်းခိုငှက်များ ပျံသန်းသည့် လမ်းကြောင်း ကိုးကြောင်းရှိရာ မြန်မာနိုင်ငံသို့ Central Asian Flyway – CAF နှင့် East Asian Australasian Flyway –EAAF လမ်းကြောင်းနှစ်သွယ်ဖြင့် ရောက်ရှိကျက်စားကြောင်း သိရပါသည်။

ရာသီအလိုက် ပြောင်းရွှေ့ကျက်စားသည့် ငှက်များသည် ဆောင်းရာသီအေးခဲသည့် ကမ္ဘာ့မြောက်ပိုင်းဒေသများတွင် မေလမှ ဩဂုတ်လအထိ ဥဥသားပေါက်ခြင်း၊ ပူနွေးသော ကမ္ဘာ့တောင်ပိုင်းဒေသ ရေတိမ်ဒေသများတွင် ဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိ ကျက်စားခြင်း၊ မူလသားပေါက်ရာ မြောက်ပိုင်းဒေသသို့ မတ်လမှ မေလအတွင်း ပျံသန်းခြင်းတို့ကို ပြုလုပ်၍ ရှင်သန်နေထိုင်ကြရပါသည်။

**ပလိပ်အင်းအတွင်းမှ တောင်းအုပ်စု**

ဆောင်းခိုငှက်များ၏ ဘဝရပ်တည်ရှင်သန်နိုင်ရေးမှာ အလွန်ခက်ခဲကြမ်းတမ်းပြီး ဘေးအန္တရာယ်များသော ခရီးရှည်ကြီးများကို ဖြတ်သန်းကျော်လွှားကြရပါသည်။ ဆောင်းခိုငှက်အမျိုးအစားများတွင် ရှားပါးမျိုးစိတ်ဖြစ်သော ပို့ချပ်ခေါင်းစိမ်းရေဘဲမျိုးစိတ်နှင့် ရေဘဲအမျိုးမျိုး၊ ရေငုံးအမျိုးမျိုး၊ မြီးညှောင့်ငှက်အမျိုးမျိုးတို့ဖြစ်ပြီး မျိုးစိတ် ၁၈၈ မျိုးခန့်သည် အောက်တိုဘာလလယ်ခန့်တွင် ရောက်ရှိပြီး ဧပြီ၊ မေလများတွင် ၎င်းတို့ ဥဥသားပေါက်ရာ မြောက်ပိုင်းဒေသများသို့ ပျံသန်းကြပါသည်။ တရုတ်၊ မွန်ဂိုလီးယား၊ ရုရှားနိုင်ငံများမှ မြန်မာနိုင်ငံသို့ ဆောင်းခိုကျက်စားသည့် ရေငှက်မျိုးစိတ် ၁၈၈ မျိုးရှိပြီး နှစ်စဉ်ကောင်ရေသန်းချီ၍ မြန်မာ့ရေတိမ်ဒေသများတွင် ရောက်ရှိဆောင်းခို ကျက်စားလေ့ရှိပါသည်။

ယခုနှစ်သည် ပလိပ်အင်းအတွင်း ရေဝင်ကောင်းသဖြင့် ငါးပုစွန်ပေါများမည်ဖြစ်ကြောင်း ဆိုက်ဘေးရီးယားဘဲနှင့် ဆောင်းခိုငှက်များရောက်ရှိနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းထားကြပါသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း အမရပူရမြို့ရှိ တောင်သမန်အင်း၊ စဉ့်ကိုင်မြို့နယ်ရှိ ပလိပ်အင်းနှင့် စွန်ရဲအင်း၊ တံတားဦးမြို့နယ်ရှိ ပြူကန်အင်းတို့သည် ဌာနေရေနေငှက်မျိုးစိတ်များနှင့် ဆောင်းခိုရေနေငှက်မျိုးစိတ်များအတွက် အရေးပါပြီး တန်ဖိုးကြီးသည့် ရေဝပ်ဧရိယာများ ဖြစ်ကြပါသည်။

**ပလိပ်အင်းရှိ ငါးဖမ်းကိရိယာများ**

ပလိပ်အင်းအတွင်း သတ်မှတ်ငါးဖမ်းကိရိယာများမှာ မြင်းဝန်းဆည်တစ်ခု၊ အင်းအတွင်းရှိ ငါးဖမ်းကွက်တွင် ဝမ်းပူပိုက်လက်လံ ၂၅ လံတစ်လက်၊ လက်ပစ်ကွန် အလက် ၂၀ ဖြစ်ကြောင်း တွေ့ရှိရသည်။ ပလိပ်အင်းသည် နှစ်ရှည်အငှားဂရန်ချထားသော (ကြေးတိုင်)အင်းဖြစ်ပါသည်။ သို့ဖြစ်ရာ နှစ်ရှည်အငှားဂရန်(ကြေးတိုင်ချထားခြင်း)အကြောင်းကို တင်ပြလိုပါသည်။

**နှစ်ရှည်အငှားဂရန်(ကြေးတိုင်ချထားခြင်း)**

အင်းအိုင်ရေချိုငါး ထုတ်လုပ်မှုလုပ်ငန်းများသည် ဗြိတိသျှခေတ်အင်းအိုင်ဥပဒေများ စတင်သည်မှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ နှစ်ပေါင်းရာချီကြာမြင့်ခဲ့ပြီဖြစ်ပါသည်။ သို့ဖြစ်ရာ မူလအင်းပေါင်း ၄၀၀၆ အင်းမှ ၁၉၈၉–၁၉၉၀ ခုနှစ်တွင် အင်းပေါင်း ၃၄၆၇ အင်းသာ ငါးလုပ်ငန်းလုပ်ကိုင်နိုင်တော့သည်ကို တွေ့ရသည်။ အင်းများလျော့နည်းရခြင်းတွင် စစ်ဘေးစစ်ဒဏ်ဖြစ်ပွားခြင်း၊ ရေလမ်းကြောင်းများ ပြောင်းလဲသွားခြင်း၊ စိုက်ပျိုးမြေများတိုးချဲ့ခြင်း၊ ဓာတုပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်း၊ စက်ရုံ၊ အလုပ်ရုံများမှ အညစ်အကြေးများစွန့်ပစ်ခြင်း၊ ငါးအလွန်အကျွံဖမ်းဆီးခြင်း၊ မြို့ရွာများတိုးချဲ့ခြင်း၊ ဒေသရင်းမဟုတ်သည့် ငါးမျိုးစိတ်များ တိုးပွားလာခြင်းတို့ကြောင့် ဖြစ်ပါသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားတည်ဆောက်ရေးလက်ထက်မှစတင်၍ ပျက်စီးတိမ်ကောနေသည့် အင်းများကိုပြုပြင်ရန်၊ အင်းငါးအထွက်တိုးတက်စေရန်၊ နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရန် အင်းလုပ်ငန်းများ လုပ်ပိုင်ခွင့်ချထားခြင်းစနစ်နှင့် ထုတ်လုပ်မှုစနစ်များကို ပြောင်းလဲကျင့်သုံးစေခဲ့ကြောင်း တွေ့ရှိရပါသည်။

ပထမစနစ်မှာ အင်းများကို လုပ်ပိုင်ခွင့်ချထားရေးစနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ ယခင်ခေတ် စီးပွားရေးမူဝါဒများအရ အင်းများအား အဖွဲ့အစည်းများသို့ ဦးစားပေးရောင်းချခဲ့ရကြောင်း တွေ့ရပါသည်။ ၁၉၈၈ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီအသီးသီးမှ အင်းလုပ်ငန်းနှင့်ပတ်သက်၍ သုံးသပ်တင်ပြချက်များတွင် ဧရာဝတီတိုင်းပြည်သူ့ကောင်စီ၏ တင်ပြချက်များနှင့် ပဲခူးတိုင်းပြည်သူ့ကောင်စီ၏ တင်ပြချက်များအရ အင်းပြုပြင်ထိန်းသိမ်းရေးနှင့် ငါးအထွက်နှုန်းတိုးရေးတို့အတွက် အရေးကြီးသောတင်ပြချက်များဖြစ်သဖြင့် အင်းများကို လေလံရောင်းချရာတွင် ဦးစားပေးအဆင့်မထားဘဲ ရောင်းချသည့်စနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရသည် အားနည်းချက်များကို ပြုပြင်ပေးခဲ့ပြီး ရေချိုငါးလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

ဒုတိယပြောင်းလဲခဲ့သည့်စနစ်မှာ နှစ်ရှည်အငှားဂရန်လုပ်ပိုင်ခွင့်ပြုခြင်းဖြစ်ပါသည်။ ရှေးက တစ်နှစ်သာ လုပ်ပိုင်ခွင့်ပြုခဲ့ခြင်းသည် တစ်နှစ်အတွင်းရသမျှ ငါးသေးငါးငယ်များမကျန်အောင် ရေပက်၍ ဖမ်းယူခြင်းများကြောင့် ငါးမျိုးပြုန်းတီးစေပြီး အင်းသဘာဝ အရည်အသွေးနှင့် ငါးနေငါးထိုင်တောများ၊ ငါးစားကျက်များကို ပျက်စီးစေခဲ့ပါသည်။

နှစ်ရှည်အငှားဂရန် ချထားပေးခြင်းအားဖြင့် လေလံရရှိသူသည် သုံးနှစ်လုပ်ပိုင်ခွင့်ရရှိပြီး အင်းလေလံကြေး၏ ၃၀ ရာခိုင်နှုန်းငွေကြေးဖြင့် ငါးလုပ်ငန်းဦးစီးဌာနက သတ်မှတ်ပေးသည့် အင်းချောင်းများ ရေစီးရေလာကောင်းအောင် ပြင်ဆင်ခြင်းနှင့် အင်းမနှင့် ငါးနေငါးထိုင်တောများကို ပြုပြင်ရမည်ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် သဘာဝအင်းငါးများ အထွက်တိုးစေခဲ့ပါသည်။ အင်းသူကြီးများအနေဖြင့်လည်း နောင်နှစ်အင်းရာသီအတွက် မျိုးငါးကြီးများချန်ခြင်း၊ အရွယ်သေးသည့်ငါးများကို အင်းအတွင်း ပြန်လွှတ်ခြင်းဖြင့် ရှင်သန်ပေါက်ပွားခွင့်ရရှိစေပြီး ငါးမျိုးသုဉ်းခြင်းကို ကာကွယ်နိုင်ခဲ့ပါသည်။

တတိယစနစ်မှာ နှစ်ရှည်အငှားဂရန်ရရှိသည့် အင်းအတွင်း မွေးမြူရေးငါးများဖြစ်သည့် ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးသိုင်းခေါင်းပွ၊ မြက်စားငါးကြင်းစသည်တို့ကို အင်းအတွင်း ထည့်သွင်းမွေးမြူစေခြင်းဖြင့် ငါးထုတ်လုပ်မှုမြင့်မားစေရန် ဆောင်ရွက်စေခဲ့ပါသည်။ ထိုစနစ်ကို ကျင့်သုံးနိုင်စေရန် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သမန်အင်း၊ တက်သေးအင်း၊ စဉ့်ကိုင်မြို့နယ်ရှိ စွန်ရဲအင်း၊ ပလိပ်အင်း၊ အင်းယားအင်းတို့ကို ငါးမျိုးစိုက်ထည့် မွေးမြူသည့်စနစ်ကို လက်တွေ့ပြသနိုင်ခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်အောင်မြင်ခဲ့သည့်အတွက် အင်းငါးထုတ်လုပ်မှု တိုးတက်ခဲ့သည်သာမက၊ အင်းတန်ဖိုးအားဖြင့်လည်း အခွန်အခတွင် များစွာတိုးတက်ရရှိခဲ့ကြောင်း မှတ်တမ်းများတွင် တိတိကျကျ ဖော်ပြနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

ပလိပ်အင်းကို ငွေကျပ် သိန်း ၂၃၀ ဖြင့် ၂၀၂၃ ခုနှစ်မှ တစ်နှစ်လျှင် အင်းခွန်ငွေ တစ်ဆယ်ရာခိုင်နှုန်းတိုး၍ ၂၀၂၆ ခုနှစ်အထိ (ဈေးပြိုင်လေလံစနစ်ဖြင့်) နှစ်ရှည်အငှားဂရန်ချထားသောအင်းဖြစ်ပါသည်။ ဂရန်အင်းတစ်အင်းကို နှစ်ရှည်အငှားဂရန်ချထားပေးမည်ဆိုပါက အောက်ပါအချက်များကို အခြေခံ၍ စိစစ်ရမည်ဖြစ်ပါသည် –

(က) ဂရန်အင်းကို ပျက်စီးတိမ်ကောခြင်းမှ ကာကွယ်ထိန်းသိမ်းရန် လိုအပ်ခြင်း၊
(ခ) လျှောက်ထားသည့်ဂရန်အင်း၏ လွန်ခဲ့သော ငါးနှစ်က အင်းခွန်နှုန်းထားများသည် တည်ငြိမ်မှုရှိခြင်း၊
(ဂ) ငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ဆောင်ရွက်နိုင်သည့် အခြေအနေတွင်ရှိခြင်း၊

ဖော်ပြပါသတ်မှတ်ချက်နှင့်ကိုက်ညီသည့် ဂရန်အင်းတစ်ခုခုအား နှစ်ရှည်အငှားဂရန်အဖြစ်သတ်မှတ်သင့်ကြောင်း သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနမှူးက တင်ပြလျှင်ဖြစ်စေ၊ လက်ရှိ အငှားဂရန်ရရှိသူ အင်းသူကြီးက လျှောက်ထားလာလျှင်ဖြစ်စေ နှစ်ရှည်အငှားဂရန်ချထားခြင်းကို ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဂရန်အင်းတစ်ခုခုကို နှစ်ရှည်အငှားဂရန်ချထားသည့်အခါ အောက်ပါစည်းကမ်းချက်များကိုပါ သတ်မှတ်ပေးရမည်ဖြစ်ပါသည် –

(က) အငှားဂရန်ချထားသည့်ကာလ၊
(ခ) ဂရန်အင်းပြုပြင်ရမည့်နည်းစနစ်၊ ပြုပြင်ရမည့်အချိန်၊ ကာလ၊ နေရာနှင့်ငွေပမာဏ၊

*စာမျက်နှာ ၁၁ သို့*



ပလိပ်အင်းအတွင်းမှ ဆောင်းခိုငှက်များနှင့် ဒေသရင်းရေနေငှက်များ

**❂ ယခုနှစ်သည် ပလိပ်အင်းအတွင်း ရေဝင်ကောင်းသဖြင့် ငါးပုစွန်ပေါများမည်ဖြစ်ကြောင်း ဆိုက်ဘေးရီးယားဘဲနှင့် ဆောင်းခိုငှက်များ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းထားကြပါသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း အမရပူရမြို့ရှိ တောင်သမန်အင်း၊ စဉ့်ကိုင်မြို့နယ်ရှိ ပလိပ်အင်းနှင့် စွန်ရဲအင်း၊ တံတားဦးမြို့နယ်ရှိ ပြူကန်အင်းတို့သည် ဌာနေရေနေငှက်မျိုးစိတ်များနှင့် ဆောင်းခိုရေနေငှက်မျိုးစိတ်များအတွက် အရေးပါပြီး တန်ဖိုးကြီးသည့် ရေဝပ်ဧရိယာများဖြစ်**

# လှိုင်ကော်မြို့၌ ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် ရေပြင်အသက်ကယ်လေ့ကျင့်သရုပ်ပြခြင်း အခမ်းအနား ကျင်းပ



**လှိုင်ကော် ဩဂုတ် ၁၄**

ကယားပြည်နယ် လှိုင်ကော်မြို့၌ ငလျင်ဘေးအန္တရာယ်သဏ္ဌာန်တူ ဇာတ်တိုက် လေ့ကျင့်ခြင်းနှင့် ရေပြင်အသက်ကယ် လေ့ကျင့်သရုပ်ပြခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ် မီးသတ်ဦးစီးမှူးရုံးနှင့် ဘီလူးချောင်းအတွင်း ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကယားပြည်နယ် မီးသတ်ဦးစီးမှူးရုံး၌ ငလျင်ဘေးအန္တရာယ်သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ ပြည်နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းအား သရုပ်ပြသနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် မြေပြင်၊ ရေပြင် ရှာဖွေကယ်ဆယ်ရေး သုံး ပစ္စည်းကိရိယာများ၊ ရှာဖွေကယ်ဆယ်ရေးတပ်စု နှစ်ပတ်စာ ရိက္ခာ စုဆောင်းထားရှိမှုများကို လိုက်လံကြည့်ရှုကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရေပြင်အသက်ကယ် လေ့ကျင့်သရုပ်ပြသခြင်း ပြုလုပ်မည့် ဘီလူးချောင်းဘေးနေရာသို့ သွားရောက်ကာ ရေပြင်ကယ်ဆယ်ရေးအဖွဲ့များ၏ သရုပ်ပြလေ့ကျင့်ခန်းဖြစ်သည့် ရေပြင်တွင်မျောပါနေသည့် ပြည်သူနှစ်ဦးအား စက်လှေဖြင့် ကယ်ဆယ်ခြင်း၊ ရေပြင်တွင် မျောပါနေသည့် ပြည်သူငါးဦးကို ရေပြင်ကယ်ဆယ်ရေး ကိရိယာ (Intellegent Lifebuoy)များဖြင့် ကယ်ဆယ်ခြင်း၊ ရေပြင်တွင် မျောပါနေသည့် ပြည်သူနှစ်ဦးကို ရေပြင်ကယ်ဆယ်ရေး ကိရိယာများဖြင့် ကယ်ဆယ်ခြင်းစသည့် သရုပ်ပြသလေ့ကျင့်မှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းနှင့်ရေပြင် အသက်ကယ်လေ့ကျင့်သရုပ်ပြခြင်းတွင် ပါဝင်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဖျာပုံမြို့နယ် အ-ထ-က (ကနိ)ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ဖျာပုံ ဩဂုတ် ၁၄**

ဖျာပုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ဗလငါးတန်နှင့် ပြည့်စုံပြီး အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာဖတ်ရှိန် မြှင့်တင်ရေး “လူငယ်စကားဝိုင်း” ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ဖျာပုံမြို့နယ် အ-ထ-က (ကနိ)ကျောင်း ကျော်ဇံဦးခန်းမ၌ ကျင်းပသည်။

အဆိုပါ စာဖတ်ရှိန်မြှင့်တင်ရေး စကားဝိုင်းပြုလုပ်ရာတွင် ဖျာပုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန္ဒာဦးက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စမ်းစမ်းအေးက လူငယ်စကားဝိုင်း ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက်“လူငယ်စကားဝိုင်း”ကို ကျင်းပရာ ဦးဆောင်ဆွေးနွေးသူများအဖြစ် ဖျာပုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မာမာလွင်၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်လှိုင်တို့နှင့်အတူ Grade (12) မှ မောင်ဉာဏ်လင်းထက်က “လူငယ်နှင့် အားကစား”၊ မဝင်းပပဖြိုးက “မျိုးချစ်စိတ်ဓာတ်နှင့် ယနေ့လူငယ်”၊ Grade (11)မှ မစုစုလွင်က “ကျောင်းသားနှင့် ကိုယ်ကျင့်တရား”၊ မောင်နေလင်းဇော်က “ကျောင်းသားနှင့် စာအုပ်စာပေ”စသည့်ခေါင်းစဉ်တို့ကို တစ်ဦးချင်း အလိုက်ဆွေးနွေးပြောကြားကြရာ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**



❖ *ကျောဖုံးမှ*

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ စက်သုံးဆီ အရောင်းဆိုင်အချို့တွင် ယာဉ်တန်းစီဝယ်ယူမှုများပြားပြီး ဆီသယ်ယာဉ်မရောက်မီ ကာလအတွင်း စက်သုံးဆီအမယ်အချို့ အချိန်ပိုင်းပြတ်လပ်မှု ဖြစ်ပေါ်လျက်ရှိသဖြင့် ပုံမှန်ဖြန့်ဖြူးပေးမှုအပြင် လိုအပ်သည့် ဆိုင်များကို အရေးပေါ်ထပ်မံတိုးမြှင့်ဖြည့်တင်း ဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့ပြင် ပြည်တွင်းစက်သုံးဆီလက်ကျန် အခြေအနေနှင့် ပြည်ပမှ ဝင်ရောက်လာမည့် ဆီတင်သင်္ဘောများ၏ အခြေအနေအရ ပြည်သူများအနေဖြင့် စက်သုံးဆီ ပြတ်လပ်နိုင်မည်ဆိုသည့် စိုးရိမ်ကြောင့်ကြမှုဖြစ်ရန် မလိုကြောင်းနှင့် စက်သုံးဆီပြတ်လပ်နိုင်ခြင်း မရှိနိုင်ကြောင်း စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ Online Media များနှင့် ကောလာဟလသတင်းများကြောင့် စိုးရိမ်ကြောင့်ကြမှုဖြင့် လိုအပ်သည်ထက် ပိုမိုဝယ်ယူခြင်း၊ သိုလှောင်ထားရှိခြင်း၊ တစ်ဆင့်ပြန်လည်ရောင်းချရန် ဝယ်ယူခြင်းတို့ မပြုလုပ်ကြပါရန်၊ လိုအပ်သလောက်သာ ဝယ်ယူသုံးစွဲကြပါရန်နှင့် အရောင်းဆိုင်အချို့တွင်သာ စုပြုံတန်းစီဝယ်ယူနေခြင်းအစား တန်းစီဝယ်ယူမှု နည်းပါးသည့် ပတ်ဝန်းကျင်ရှိအခြား အရောင်းဆိုင်များသို့လည်း သွားရောက်ဝယ်ယူခြင်းဖြင့် ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြပါရန် စက်သုံးဆီ တင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ တိုက်တွန်းနှိုးဆော်ထားပါကြောင်းနှင့် အရောင်းဆိုင်များကိုလည်း စက်သုံးဆီရှိလျက် မရောင်းချခြင်းမျိုး မပြုလုပ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ရယူနိုင်ခဲ့သည်။ ရောဝတီအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ၁၈ မိနစ်အတွင်း လေးဂိုး သွင်းယူနိုင်ခဲ့ခြင်းကြောင့် ပွဲကိုထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ ရောဝတီအသင်းအတွက် အနိုင်ဂိုးများကို စန်းသော်သော်က ၈၊ ၁၃၊ ၁၅၊ ၉၀၊ ၉၀+၂ မိနစ်တွင် ငါးဂိုး၊ မေသကြီန်မိုးက ၁၈ မိနစ်တွင် တစ်ဂိုးသွင်းယူခဲ့သည်။ YREO အသင်းမှာမူ နိုင်ပွဲပျောက်ဆုံးခဲ့ရပြီး ဇယားအောက်ပိုင်းမှ ရုန်းထွက်နိုင်ခြင်းမရှိသေးပေ။

ပွဲစဉ် (၁၃) အပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၁ ပွဲကစား ၂၉ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက်အသင်းက ၁၁ ပွဲကစား ၂၅ မှတ်၊ လက်ရှိချန်ပီယံ မြဝတီအသင်းက ၁၂ ပွဲကစား ၇မှတ် ၂၀၊ ရောဝတီအသင်းက ၁၁ ပွဲကစား ၁၉ မှတ်၊ သစ္စာအားမာန်အသင်းက ၁၁ ပွဲကစား ၁၂ မှတ်၊ YREO အသင်းက ၁၁ ပွဲကစား ခုနစ်မှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ ၁၁ ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MWL**

## ဘီးလင်းမြို့နယ်ရှိ ကြာဇီအောင်ကျေးရွာနှင့် ဇုက္ကလိကျေးရွာ၌ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်

**ဘီးလင်း ဩဂုတ် ၁၄**

ကျိုက်ထိုခရိုင် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဘီးလင်းမြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရရန်ပုံငွေကျပ် ၃၆ ဒသမ ၆ သန်းဖြင့် ဝင်းကကျေးရွာအုပ်စု ကြာဇီအောင်ကျေးရွာ၌ ဆိုလာရေတင်စနစ် ဂါလံ ၅၀၁၀ ဆံ့ အုတ်ရေကန် (၂၂၀ ပေ x ၆ ပေ) ခြံစည်းရိုးခတ်ခြင်းလုပ်ငန်းနှင့် ဇုက္ကလိကျေးရွာအုပ်စု ဇုက္ကလိကျေးရွာ၌ ဆိုလာရေတင်စနစ် (၁၂၀ ပေ x ၆ပေ) ခြံစည်းရိုးခတ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဩဂုတ်လဒုတိယပတ်က ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

(ဂ) အငှားဂရန်ရရှိသူက နှစ်ရှည်အငှားဂရန် ကာလအတွင်း နှစ်စဉ်တိုးမြှင့်ပေးရမည့် ဂရန်အင်း တန်ဖိုးငွေရာခိုင်နှုန်း

(ဃ) စည်းကမ်းချက်များ

ပလိပ်အင်းသည် ငါးထုတ်လုပ်မှုမြင့်မားပြီး မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ပလိပ်မြို့တွင်ရှိသော အပူပိုင်းဇုန်ဒေသ (Central Dry zone)အတွင်းရှိ ကုန်းတွင်းအင်းတစ်အင်းဖြစ်သည့်အပြင် ရေတိမ်ဒေသ (Wet Land) တစ်ခုဖြစ်ပါကြောင်း အထက်တွင် တင်ပြခဲ့ပြီးဖြစ်ပါသည်။

ပုလိပ်အင်းနှင့်အတူ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ရှိ တောင်သမန်အင်း၊ စဉ့်ကိုင်မြို့နယ်ရှိ စွန်ရဲအင်း၊ တံတားဦးမြို့နယ်ရှိ ပြုကန်အင်းတို့သည်လည်း ရေတိမ်ဒေသ (Wet Land) များ ဖြစ်ကြပါသည်။ ရေဝပ်ဒေသများသည် လူသားများအတွက် ဆန်စပါးနှင့် စားနပ်ရိက္ခာများ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးနေသည်သာမက ရေချိုအရင်းအမြစ်အဖြစ် မြေအောက်ရေ ဖြည့်တင်းပေးခြင်း၊ ရေတွင်ပျော်ဝင်နေသော အညစ်အကြေးများကို သန့်စင်ပေးခြင်း၊ ရေကြီးရေလျှံမှုနှင့် ရာသီဥတုပြောင်းလဲမှုကိုထိန်းညှိပေးခြင်း၊ မုန်တိုင်းဒဏ်နှင့် သဘာဝဘေးအန္တရာယ်များကို ကာကွယ်ပေးခြင်း၊ အပန်းဖြေအနားယူနိုင်ခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများ ထောက်ပံ့ပေးခြင်း၊ သယ်ယူပို့ဆောင်ရေးအတွက် ရေလမ်းကြောင်းထောက်ပံ့ပေးနိုင်ခြင်း၊ သားငှက်တိရစ္ဆာန်များအတွက် နေရင်းဒေသများ ဖန်တီးပေးခြင်း၊ ရေနေငှက်မျိုးစိတ်များစွာအတွက် နားခိုရာ ကျက်စားရာနေရာများဖြစ်ခြင်း စသည့် လူ၊ တိရစ္ဆာန်၊ ရေနေငှက်များ၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် သားငါးထုတ်လုပ်ရေးလုပ်ငန်းများအတွက် အထူးအားထားရသော ဂေဟဗေဒစနစ်ကောင်းကြီး တစ်ခုအဖြစ် ရပ်တည်ပေးလျက်ရှိနေပါသည်။

### ငွေရောင်အဆင်းပလိပ်အင်း

နံနက်ခင်းနေခြည်ဖြာဆင်းသည်မှစ၍ ညအချိန် လရောင်ဆမ်းချိန်အထိ ပလိပ်အင်းရေပြင်သည် ငွေရောင်အဆင်း ဖြူဝင်းတောက်ပလျက်ရှိနေပါသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် တည်ရှိနေကြသည့်ပလိပ်အင်းနှင့် အလားတူရေဝပ်ဒေသများသည် နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော သဘာဝအမွေအနှစ်များဖြစ်ကြပါသည်။ ရေဝပ်ဒေသများသည် နိုင်ငံ့စီးပွားရေးအခန်းကဏ္ဍတွင် အလွန်အရေးပါသော သဘာဝအရင်းအမြစ်များ ဖြစ်ပါကြောင်း သတိတရဖြစ်ကြပြီး တန်ဖိုးထားနိုင်ကြစေရန် **“ငွေရောင်အဆင်း၊ ပလိပ်အင်း”** ဟူသောဆောင်းပါးဖြင့် မြန်မာနိုင်ငံအရပ်ရပ်ရှိ ရေဝပ်ဒေသများအား ဂုဏ်ပြုလျက် ရေးသားတင်ပြအပ်ပါသည်။ ။

### ကျမ်းကိုးစာရင်း


၁။ မြန်မာနိုင်ငံအင်းလုပ်ငန်းများ၊ ငါးလုပ်ငန်း ဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန (၁၉၉၄ ခုနှစ် ဩဂုတ်လ)

၂။ မြန်မာနိုင်ငံ အင်းအိုင်ရေချိုငါးဖမ်းလုပ်ငန်း၊ ဦးဘသော် တိုင်းဦးစီးဌာနမှူး (ငြိမ်း)၊ငါးလုပ်ငန်းဦးစီးဌာန၊

၃။ မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေ (၁၅-၃-၂၀၂၁)

၄။ မန္တလေးတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

၅။ ဒေါက်တာသန်းထွန်း၊နယ်လှည့်ရာဇဝင်

၆။ မကြန်၊ သမိုင်းရှာပုံတော်ခရီးနှင့် အခြားစာတမ်းများ

၇။ တိုက်ကြည်(စဉ့်ကိုင်) သမိုင်းဂုဏ်ဟိတ် မြို့ပလိပ်၊

၈။ ဒေါက်တာသိန်းအောင်၊ ဒေါက်တာသီရိဒေဝီအောင်၊ ပလိပ်အင်းအတွင်းမှ ဆောင်းခိုငှက်များ စာတမ်း

၉။ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ စဉ့်ကိုင်မြို့နယ်ရှိ အင်းစာတွဲများ၊

၁၀။ ကွင်းဆင်းမှတ်တမ်း

# ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူတိုင်း အလုပ်သမားဝန်ကြီးဌာနတွင် ပြည်ပအလုပ်သမားအဖြစ် မှတ်ပုံတင်၍ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) ရရှိမှသာ ပြည်ပသို့ သွားရောက်လုပ်ကိုင်ကြရန် အသိပေးကြေညာချက်

၁။ ၁၉၉၉ ခုနှစ်၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ဆ) ရှိ ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များတွင် "အလုပ်သမားများက ဤဥပဒေအရ မှတ်ပုံတင်ခြင်းမရှိဘဲ ပြည်ပအလုပ်အကိုင် သွားရောက်လုပ်ကိုင်ခြင်းမပြုစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း" ဟူ၍လည်းကောင်း၊ ပုဒ်မခွဲ(ဈ) တွင် "အလုပ်သမားများအား ပြည်ပသို့ မထွက်ခွာမီ စုံစမ်းစစ်ဆေး၍ အဖွဲ့ငယ်၏စစ်ဆေးတွေ့ရှိချက်အရ ပြည်ပသို့ထွက်ခွာရန် မသင့်ကြောင်းတွေ့ရှိပါက ပိတ်ပင်ခြင်း" ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၂။ ပုဒ်မ ၉ ပုဒ်မခွဲ (က)တွင်"ပြည်ပအလုပ်အကိုင်ရှာဖွေသူသည် ဦးစီးဌာနကမှတ်ပုံတင်ရမည်ဟု သတ်မှတ်ထားသော ပြည်ပအလုပ်အကိုင်အမျိုးအစားတစ်ခုခုကို ရှာဖွေခြင်းဖြစ်ပါက ပြည်ပအလုပ်အကိုင်ရှာဖွေသူအဖြစ် ဦးစီးဌာနတွင် မှတ်ပုံတင်ရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

၃။ ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) တွင် ဦးစီးဌာနသည် "အလုပ်သမားအား ပြည်ပသို့မထွက်ခွာမီ မှတ်ပုံတင်ပေးပြီးကြောင်း အထောက်အထား သက်သေခံလက်မှတ်ထုတ်ပေးရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

၄။ ပြည်ပနိုင်ငံများသို့အကြောင်းအမျိုးမျိုးဖြင့် သွားရောက်နိုင်ရန်အတွက် လျှောက်ထားရမည့် နိုင်ငံကူးလက်မှတ် အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အလည် (Passport for Visit – PV)
(ခ) အလုပ် (Passport for Job – PJ)
(ဂ) ပညာသင် (Passport for Education – PE)
(ဃ) စီးပွားရေး (Passport for Business – PB)
(င) ဘာသာရေး (Passport for Religious – PR)
(စ) မှီခို (Passport for Dependent – PT)
(ဆ) သင်္ဘောသား(Passport for Seaman – PS)

၅။ ပြည်ပသို့အလုပ်လုပ်ကိုင်ရန်အတွက် သွားရောက်မည့်သူများသည် နိုင်ငံကူးလက်မှတ်အမျိုးအစားကို အလုပ်အကိုင်အတွက် ထုတ်ပေးသည့် (Passport for Job – PJ) အမျိုးအစား လျှောက်ထားရန်လိုအပ်မည်ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာနတွင် မဖြစ်မနေ မှတ်ပုံတင်၍ ပြည်ပသို့သွားရောက်လုပ်ကိုင်ရန် လိုအပ်ပါသည်။

၆။ ယခုအခါ ပြည်ပနိုင်ငံများသို့ အလည်ဗီဇာဖြင့် သွားရောက်လည်ပတ်နိုင်ရန်ထုတ်ပေးသည့် (Passport for Visit – PV) အမျိုးအစားကိုင်ဆောင်သူများသည် အလည်အတွက်မဟုတ်ဘဲ အလုပ်အကိုင်ဗီဇာများ လျှောက်ထားရယူ၍ ပြည်ပသို့သွားရောက်လုပ်ကိုင်လျက်ရှိကြပြီး ပြည်ပတွင် အခက်အခဲပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ကူညီဖြေရှင်းဆောင်ရွက်ပေးရန် အခက်အခဲများ ကြုံတွေ့ရလျက်ရှိပါသည်။

၇။ သို့ပါ၍ နိုင်ငံကူးလက်မှတ် (Passport for Visit – PV) အမျိုးအစားကိုင်ဆောင်၍ အလုပ်အကိုင်ဗီဇာများ လျှောက်ထားရယူပြီး ပြည်ပသို့ထွက်ခွာရာတွင် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နယ်စပ်ဂိတ်များမှ စိစစ်တားမြစ်ခြင်းများခံရပါက မလိုလားအပ်သည့် ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်ရန် ရည်ရွယ်ထားရှိပါက နိုင်ငံကူးလက်မှတ် စတင်လျှောက်ထားရာတွင် (Passport for Job– PJ) အမျိုးအစားကို လျှောက်ထားရယူရန် အလုပ်သမားဝန်ကြီးဌာနတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ပအလုပ်သမားအဖြစ် မှတ်ပုံတင်ပြီး ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) လျှောက်ထားရယူကာ တရားဝင် သွားရောက်လုပ်ကိုင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အလုပ်သမားဝန်ကြီးဌာန

# အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ ချီးကျူးဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၁၄**

အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ Veterans Confederation of ASEAN Countries (VECONAC) ၏ ချီးကျူးဂုဏ်ပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ် ညီလာခံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုအမှုဆောင်အဖွဲ့ဝင်များ၊ ဗဟိုကောင်စီဝင်များ VECONAC ၏ ချီးကျူးဂုဏ်ပြုလွှာ လက်ခံရရှိသော ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)၊ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦးနှင့် ဗိုလ်ချုပ်ဇာနည်ဝင်း (အငြိမ်းစား) တို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ဌာနချုပ်မှူးနှင့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ (VECONAC) ၏ ချီးကျူးဂုဏ်ပြုလွှာများ ပေးအပ်ခြင်းသည် အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် အဖွဲ့ဝင်သက်ဆိုင်ရာနိုင်ငံများမှ စစ်မှုထမ်းဟောင်းအဖွဲ့၏အကျိုးအတွက် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သူများကို VECONAC ၏ (၂၃) ကြိမ်မြောက် အထွေထွေညီလာခံဆုံးဖြတ်ချက် (၂၃-၄) အရ ကျေးဇူးတင်အသိအမှတ်ပြုကြောင်း ထုတ်ဖော်ပြသခြင်းဖြစ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး စိန်ဝင်း (အငြိမ်းစား) က အမှာစကားပြောကြားပြီး VECONAC ၏ ချီးကျူးဂုဏ်ပြုလွှာ လက်ခံရရှိသူများကို ဂုဏ်ပြုလွှာပေးအပ်ချီးမြှင့်ကာ ချီးကျူးဂုဏ်ပြုလွှာ လက်ခံရရှိသူများကိုယ်စား ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား) က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# ထားဝယ်မြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး

**ထားဝယ် ဩဂုတ် ၁၄**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ဟောပြောပွဲတွင် တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ဦးစီးမှူး ဦးယဉ်ထွေးက သန်းခေါင်စာရင်း ကောက်ယူခြင်းသမိုင်းကြောင်း၊ နောက်ခံအကြောင်းအရာ၊ သန်းခေါင်စာရင်းဥပဒေ၊ဖွဲ့စည်းပုံ၊ သန်းခေါင်စာရင်းအသုံးဝင်ပုံ၊ ရည်ရွယ်ချက်များ၊ အခြေခံအချက်အလက်များ၊ လုပ်ငန်းစဉ်(၄)ရပ်၊ ကောက်ယူမည့်မူ၊ ကောက်ယူမည့်နည်းလမ်း၊ အသုံးပြုမည့် မေးခွန်းပုံစံနှစ်မျိုး စသည့်တို့ကို ဆွေးနွေးဟောပြောသည်။

နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်း အချက်အလက်များ ရရှိရေးအတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ လမ်းညွှန်ချက်နှင့်အညီ အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရအဖွဲ့ သာမက မိတ်ဖက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းပါဝင်မှသာ သန်းခေါင်စာရင်း အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးဦးဘုန်းမြတ်သူက သန်းခေါင်စာရင်း အသုံးအဆောင်ပစ္စည်းဖြစ်သည့် စပို့ရှပ်၊ တီရှပ်နှင့် ဦးထုပ်များကို ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီးဦးလွင်ဦးက လက်ခံရယူသည်။ ဟောပြောပွဲသို့ တက်ရောက်လာသူများအား သန်းခေါင်စာရင်း အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

# မက်မန်းမြို့နယ်၌ အသိပညာဗဟုသုတတိုးပွားရေး လူငယ်ရေးရာ စကားဝိုင်းကျင်းပ

**မက်မန်း ဩဂုတ် ၁၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့နယ်၌ ကျောင်းသား ကျောင်းသူ လူငယ်များအား အသိပညာဗဟုသုတတိုးပွားရေး၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရန်၊ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မက်မန်းမြို့နယ် အောင်သံလွင်ကျေးရွာ (အ-ထ-က) ကျောင်းတွင် လူငယ်နှင့် စိတ်ခါတ်၊ စည်းကမ်းခေါင်းစဉ်ဖြင့် လူငယ်ရေးရာစကားဝိုင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

လူငယ်ရေးရာစကားဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချိုက လူငယ်ရေးရာစကားဝိုင်း ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အောင်သံလွင်ကျေးရွာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်များသိရှိထားရမည့် စိတ်ခါတ်၊ စည်းကမ်းအကြောင်း၊ စိတ်ခါတ်နှင့် စည်းကမ်းကောင်းပါက ရရှိမည့် အကျိုးကျေးဇူးများ၊ စိတ်ခါတ်နှင့် စည်းကမ်းကောင်းသော လူငယ်များဖြစ်စေရန် ဆောင်ရွက်သင့်သည့် အကြောင်းဆွေးနွေးကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# လာမည့်ပါတီခေါင်းဆောင်ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ကီရှီဒါ ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်

**တိုကျို ဩဂုတ် ၁၄**

ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါသည် လာမည့်လတွင် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီ၏ ခေါင်းဆောင်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သွားမည်မဟုတ်ကြောင်း ၎င်း၏ဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာလိုက်သည်။

ထို့ကြောင့် ဂျပန်နိုင်ငံတွင် ဝန်ကြီးချုပ်သစ်တစ်ဦး မကြာမီ ပေါ်ထွက်လာတော့မည် ဖြစ်သည်။ ဝန်ကြီးချုပ် ကီရှီဒါသည် ဗုဒ္ဓဟူးနေ့က သတင်းစာရှင်းလင်းပွဲတွင် ၎င်း၏ ဆုံးဖြတ်ချက်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်း၏ လက်ထက်တွင် ကလေးမွေးဖွားမှုနှုန်း ကျဆင်းမှုကို ကိုင်တွယ်ဖြေရှင်းရန် အကြီးစား အစီအမံများကို အကောင်အထည်ဖော်ခဲ့ကြောင်းနှင့် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်ကို အားကောင်းလာစေရန် သိသိသာသာ လုပ်ဆောင်ခဲ့ကြောင်း ကီရှီဒါက ပြောသည်။



နောက်ထပ်ခေါင်းဆောင်သစ် ရှာဖွေရေးနှင့်ပတ်သက်ပြီး လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအတွင်း လုပ်ဆောင်လျက်ရှိပြီး ပါတီ၏ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း အိရှီဘာရှီဂါရူက ယင်းတာဝန်ကို ထမ်းဆောင်ရန် ဆန္ဒရှိကြောင်း အရိပ်အမြွက်ပြောကြားထားသည်။ **အင်န်အိတ်ချ်ကေ**

# စာသင်ကျောင်းများ၌ စမတ်ဖုန်းအသုံးပြုမှုကန့်သတ်ရန် ကယ်လီဖိုးနီးယားအုပ်ချုပ်ရေးမှူး တောင်းဆို

## ကျောင်းသား ၉၇ ရာခိုင်နှုန်း ကျောင်းတက်ချိန်အတွင်း ဖုန်းကိုပျမ်းမျှ ၄၃ မိနစ်ကြာ အသုံးပြုဟုဆို

**ကယ်လီဖိုးနီးယား ဩဂုတ် ၁၄**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား ပြည်နယ်အတွင်း ခရိုင်များရှိ စာသင်ကျောင်းများ၌ စာသင်ခန်းအတွင်း စမတ်ဖုန်းအသုံးပြုမှုများ ကန့်သတ်ခြင်း အကောင်အထည်ဖော်ရန် ပြည်နယ်အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆမ်က တိုက်တွန်းပြောကြားခဲ့သည်။

စာသင်နှစ်အသစ် စတင်သည့် အချိန်မှစတင်၍ စာသင်ခန်းများ၌ စမတ်ဖုန်းအသုံးပြုမှုများ ကန့်သတ်သွားရန် တိုက်တွန်းခဲ့ခြင်းဖြစ်သည်။ ဩဂုတ် ၁၃ ရက်က ကျောင်းအကြီးအကဲများထံ ပေးပို့သည့်စာတွင် လူငယ်များကြား၌ စမတ်ဖုန်း အလွန်အကျွံ အသုံးပြုခြင်းကြောင့် စိုးရိမ်ဖွယ် ပတ်ဝန်းကျင် အခြေအနေများ ကြီးထွားလာစဉ် အဆိုပါ စိုးရိမ်ပူပန်မှုများကိုဖြေရှင်းကာ အကောင်းဆုံး သင်ကြားရေး ပတ်ဝန်းကျင် ဖန်တီးရန် လိုအပ်ကြောင်း ဂါဗင်က အလေးအနက်ထား ပြောကြားခဲ့သည်။



လူငယ်များကြား စမတ်ဖုန်း အလွန်အကျွံ သုံးစွဲခြင်းကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်ခြင်း၊ စိတ်ဓာတ်ကျခြင်းနှင့် အခြားသောစိတ်ကျန်းမာရေးဆိုင်ရာ အခြေအနေများနှင့် ဆက်စပ်နေသည်ဟု ၎င်းကဆက်ပြောသည်။ အမေရိကန်ပြည်ထောင်စုရှိ ကျောင်းသား ၉၇ ရာခိုင်နှုန်းသည် ကျောင်းတက်ချိန်အတွင်း ၎င်းတို့၏ ဖုန်းကို ပျမ်းမျှ ၄၃ မိနစ်ကြာ အသုံးပြုကြောင်း Common Sense Media ၏ သုတေသနပြုချက်အရ သိရသည်။

ဂါဗင်သည်လက်ရှိကျောင်းဝင်းများအတွင်း ကျောင်းသားများ စမတ်ဖုန်းအသုံးပြုမှု ကန့်သတ်ရန်အတွက် ကယ်လီဖိုးနီးယား ဥပဒေပြုလွှတ်တော်တွင် ကြိုးစားဆောင်ရွက်နေကြောင်း သိရသည်။ **ဆင်ဟွာ**

# ဂါဇာအပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲသို့ ဟားမားစ်အဖွဲ့ မတက်ရောက်ဟုဆို

**ဂါဇာ ဩဂုတ် ၁၄**

ကြာသပတေးနေ့တွင် ပြုလုပ်ရန် စီစဉ်ထားသော အစ္စရေးနှင့် ဂါဇာ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲသို့ တက်ရောက်သွားမည် မဟုတ်ကြောင်း ဟားမားစ်ကိုယ်စားလှယ် အဖွဲ့တစ်ဦးက အမေရိကန်မီဒီယာသို့ ပြောသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အတွက် ဆွေးနွေးမှုများ ပြန်လည်စတင်ရန် တောင်းဆိုမှုများရှိရာ အစ္စရေးက ပါဝင်တက်ရောက်ရန် ဆန္ဒရှိကြောင်း ပြောကြားထားသည်။

ဟားမားစ်အဖွဲ့သည် စေ့စပ်ညှိနှိုင်းဆွေးနွေးမှုကို ဆန့်ကျင်လိုခြင်းမရှိကြောင်း၊ သို့သော် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု၏ အစိုးရက အစောပိုင်း အဆိုပြုချက်ကို ပယ်ချခဲ့ပြီး နောက်ထပ်အဆိုပြုချက် အသစ်များ ချမှတ်ခဲ့ကြောင်း ဟားမားစ် ကိုယ်စားလှယ် တစ်ဦး၏ ပြောကြားချက်ကို စီဘီအက်စ် နယူးစ်က အင်္ဂါနေ့တွင် ကိုးကား ဖော်ပြထားသည်။

ထို့ပြင် ကိုယ်စားလှယ်က ၎င်းတို့၏ ခေါင်းဆောင်ကို လွန်ခဲ့သည့်လက အီရန်နိုင်ငံ၏ မြို့တော်တီဟီရန်တွင် အစ္စရေးက လုပ်ကြံခဲ့သည်ဟု စွပ်စွဲထားသည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး အီရန်နိုင်ငံက အစ္စရေးကို လက်တုံ့ပြန်တိုက်ခိုက်မှုဟု ပြောကြားထားသည်။ **အင်န်အိတ်ချ်ကေ**



# ဂါဇာ၌ အပစ်အခတ်ရပ်စဲရေး အဆောတလျင်ဆောင်ရွက်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များ တိုက်တွန်း

**ဂါဇာ ဩဂုတ် ၁၄**

နေရပ်စွန့်ခွာသူများ ခိုလှုံနေထိုင်သည့် စာသင်ကျောင်းတစ်ကျောင်းကို အစ္စရေးက လေကြောင်းတိုက်ခိုက်မှုလုပ်ဆောင်ခဲ့သည်ကို တုံ့ပြန်သောအားဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဂါဇာ၌ အပစ်အခတ်ရပ်စဲရေးကို အဆောတလျင်ဆောင်ရွက်ရန် တောင်းဆိုလိုက်သည်။

ဂါဇာအာဏာပိုင်များက ဂါဇာမြောက်ပိုင်းတွင်ဖြစ်ပွားခဲ့သော စနေနေ့တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ကြောင်း ပြောသည်။ အင်္ဂါနေ့လုံခြုံရေးကောင်စီအစည်းအဝေးတွင် ကုလသမဂ္ဂ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးမှ တာဝန်ရှိသူတစ်ဦးက နောက်ထပ်ဖြစ်ရပ်ဆိုးများ ဘယ်လောက်များများဖြစ်မှ အရေးယူဆောင်ရွက်မှုများ ပြုလုပ်မည်လဲဟု မေးခွန်းထုတ်ခဲ့သည်။

ဂျပန်နိုင်ငံနှင့် အခြားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် ဂါဇာတွင် အပစ်အခတ်ရပ်စဲရေးညှိနှိုင်းဆွေးနွေးမှု ပြန်လည်စတင်ရန်နှင့် ဓားစာခံများ လွှတ်ပေးရန် ထောက်ခံခဲ့ကြသည်။ ဂါဇာအရေးကြားဝင်စေ့စပ်ညှိနှိုင်းဆွေးနွေးသူများဖြစ်သည့် အမေရိကန်၊ အီဂျစ်နှင့် ကာတာနိုင်ငံတို့က ကြာသပတေးနေ့တွင် ဆွေးနွေးမှုများ ပြန်လည်စတင်ရန် တောင်းဆိုခဲ့ကြသည်။ **အင်န်အိတ်ချ်ကေ**



# ဂျပန်နိုင်ငံ၌ အပူချိန်များ မြင့်တက်

**တိုကျို ဩဂုတ် ၁၄**

ဩဂုတ် ၁၄ ရက်က ဂျပန်နိုင်ငံတစ်ဝန်းအပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်းနှင့် ဩဂုတ် ၁၅ ရက်တွင်လည်း နောက်ထပ် အပူချိန် မြင့်တက်မည့်နေ့တစ်နေ့ ကြုံတွေ့နိုင်ကြောင်း ဂျပန်မိုးလေဝသအရာရှိများက သတိပေးထားသည်။ ဩဂုတ် ၁၄ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခုသည် ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် အနောက်ပိုင်းဒေသအများအပြားတွင် လွှမ်းခြုံထားသောကြောင့် အပူချိန်မြင့်တက်မှုများကို ဖြစ်ပေါ်စေခြင်းဖြစ်ကြောင်း မိုးလေဝသဌာနက ပြောကြားထားသည်။

ဩဂုတ် ၁၅ ရက်တွင်လည်း အပူချိန်များ မြင့်တက်ဦးမည်ဖြစ်ကြောင်းနှင့် အိုဆာကာ၊ နာဂိုရာနှင့် ဆာဂါမြို့များတွင် အပူချိန်သည် ၃၈ ဒီဂရီဆဲလ်စီးယပ်အထိ ရောက်ရှိနိုင်ကြောင်း သိရသည်။ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနသည် ပြည်နယ် ၄၇ ခုအနက် ၂၉ ခုတွင် အပူလျှပ်ခြင်းဆိုင်ရာ သတိပေးချက်များ ထုတ်ပြန်ထားသည်။ **အင်န်အိတ်ချ်ကေ**

# ဆီးရီးယားနိုင်ငံ အရှေ့ပိုင်းရှိ အမေရိကန် အခြေစိုက်စခန်းကို ဒုံးကျည်ဖြင့်တိုက်ခိုက်

**ဒမတ်စကပ် ဩဂုတ် ၁၄**

ဆီးရီးယားနိုင်ငံအရှေ့ပိုင်း ဒီအာအယ်ဇောအာ ပြည်နယ် ကိုနိုကို ဓာတ်ငွေ့ဇုန်ရှိ အမေရိကန်အခြေစိုက်စခန်းကို ပစ်မှတ်ထားပြီး ဩဂုတ် ၁၃ ရက် ညပိုင်းက ဒုံးကျည်တစ်စင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း ဆီးရီးယားနိုင်ငံပိုင် ရုပ်သံတွင် ဖော်ပြခဲ့သည်။

အဆိုပါ တိုက်ခိုက်မှုကို အီရန်လိုလားသည့် တိုက်ခိုက်ရေးသမားများက လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟု လေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။ အဆိုပါတိုက်ခိုက်မှုအပြီး အမေရိကန်ကို ကျောထောက်နောက်ခံပြုထားသည့် ကာ့ဒ်များဦးဆောင်သော ဆီးရီးယားဒီမိုကရက်တစ်တပ်ဖွဲ့ ( အက်စ်ဒီအက်ဖ်)သည် ဒီအာအယ်ဇောအာ ပြည်နယ်အနောက်ပိုင်းရှိ အီရန်မဟာမိတ်စစ်သွေးကြွများကို လက်တုံ့ပြန် ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း တိုက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။

ယူဖရေးတီးမြစ်ဝှမ်းအနောက်ဘက်ကမ်းတစ်လျှောက် စစ်သွေးကြွများကိုပစ်မှတ်ထားကာ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အက်စ်ဒီအက်ဖ်က ပြောသည်။ တိုက်ပွဲကြောင့်သေကျေပျက်စီးဆုံးရှုံးမှု စာရင်းကို မသိရသေးချေ။ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်ကာ ဆီးရီးယားရှိ အမေရိကန် အခြေစိုက်စခန်းမှာ ၁၃၅ ကြိမ် တိုက်ခိုက်ခံရပြီး ကိုနိုကို ဓာတ်ငွေ့စက်ရုံမှာ အကြိမ် ၄၀ တိုက်ခိုက်ခံရကြောင်း ဗြိတိန်အခြေစိုက် စောင့်ကြည့်ရေးအုပ်စုက ပြောသည်။ **ဆင်ဟွာ**

# မြို့သစ်မြို့နယ်တွင် မိုးနှမ်းသီးနှံများ စတင်ရိတ်သိမ်း



မကွေးတိုင်းဒေသကြီးသည် နှမ်းနှင့် ပဲမျိုးစုံကို အဓိကထားစိုက်ပျိုးကြပြီး မကွေးခရိုင် မြို့သစ်မြို့နယ် အတွင်းရှိ ရုံးတော၊ ဝါးကြီးအိုင့်၊ ကွင်း၊ ဖန်ခါးပင်နှင့် ငွေလေးစသည့် ကျေးရွာများတွင် မိုးနှမ်းသီးနှံ စုစုပေါင်း စိုက်ဧက ၂၀၀၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မိုးနှမ်းကို မိုးဦးကျကာလ ဖြစ်သည့် မေလဆန်းတွင် စတင် စိုက်ပျိုးပြီး ဩဂုတ်လဆန်းမှ စတင်၍ ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးရာတွင် မျိုးအနေဖြင့် နှမ်းနက်(စမုန်)၊ နှမ်းဖြူ(ဂျပန်)၊ နှမ်းဖြူ(ခြံ)နှင့် နှမ်းနီမျိုးများကို စိုက်ပျိုးကြပြီး စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ ထွန်ယက်ခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၇၅၀၀၀၀ ခန့်ကုန်ကျကြောင်း၊ အထွက်နှုန်း အနေဖြင့် တစ်ဧကလျှင် ၁၂ တင်း ခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ဩဂုတ်လ ပထမပတ်တွင် နှမ်းဖြူ(ဂျပန်) တစ်တင်းလျှင် ငွေကျပ် ၁၄၀၀၀၀ – ၁၅၅၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းဖြူ(ခြံ) တစ်တင်းလျှင် ငွေကျပ် ၁၃၈၀၀၀– ၁၄၁၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းနီတစ်တင်းလျှင် ငွေကျပ် ၁၃၃၀၀၀–၁၃၅၀၀၀ ဖြင့်လည်းကောင်း၊ နှမ်းနက်(စမုန်) တစ်တင်းလျှင် ငွေကျပ် ၁၈၅၀၀၀– ၁၉၀၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရသည်။

အကျိုးအမြတ် အနေဖြင့် တစ်ဧကလျှင် နှမ်းနက်(စမုန်) မျိုးအတွက် ငွေကျပ် ၁၄၇၀၀၀၀၊ နှမ်းဖြူ (ဂျပန်) မျိုးအတွက် ငွေကျပ် ၉၃၀၀၀၀၊ နှမ်းဖြူ(ခြံ) မျိုးအတွက် ငွေကျပ် ၉၀၆၀၀၀၊ နှမ်းနီမျိုးအတွက် ငွေကျပ် ၈၄၆၀၀၀ ခန့် အကျိုးအမြတ် ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့၊ နတ်မောက်မြို့၊ မြို့သစ်မြို့နှင့် တောင်တွင်းကြီးမြို့များရှိ ပွဲရုံများနှင့် နှမ်းလှော်ဖိုလုပ်ငန်းများသို့ ရောင်းချကြပြီး ပွဲရုံများမှ တစ်ဆင့် မန္တလေးမြို့နှင့် ရန်ကုန်မြို့များသို့လည်းကောင်း၊ မကွေးမြို့ မဟူရာ Energy ကုမ္ပဏီမှ Value added ပြုလုပ်ထားသော မြန်မာ့နှမ်းလှော်မုန့်များကို ကိုရီးယားနိုင်ငံသို့လည်းကောင်း တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်တွင် ရာသီဥတုဒဏ်ကြောင့် နှမ်းအထွက်နှုန်း အနည်းငယ် လျော့နည်းသော်လည်း ဈေးကောင်းရရှိသောကြောင့် နှမ်းစိုက်တောင်သူများ အကျိုးအမြတ် ရရှိကြောင်း သိရသည်။

DOCA (မကွေး)

# ကန့်ဘလူခရိုင်၌ ကွမ်းဈေးနှုန်း အနည်းငယ်မြင့်တက်၍ အရောင်းအဝယ်ဖြစ်

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး ကွမ်းများကို မိမိတို့ယာကွက်များနှင့် နေအိမ်ခြံဝင်းများ၌ တစ်နိုင်တစ်ပိုင်အနေဖြင့်သော်လည်းကောင်း၊ စီးပွားဖြစ်သော်လည်းကောင်း စိုက်ပျိုးကြကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးပေါ်မူတည်၍ ဩဂုတ်လ ဒုတိယပတ်တွင် ကွမ်းရွက်(ရှယ်) တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဖြင့်လည်းကောင်း၊ ကွမ်းရွက်(ကြီး) တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဖြင့်လည်းကောင်း၊ ကွမ်းရွက် (သေး) တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဖြင့်လည်းကောင်း ဈေးနှုန်းအနည်းငယ်မြင့်တက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကန့်ဘလူမြို့နယ်မှထွက်ရှိသည့် ကွမ်းရွက်များကို ကန့်ဘလူမြို့၊ ကျွန်းလှမြို့နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

DOCA (စစ်ကိုင်း)



# ရုံးပတီသီး စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ



မကွေးတိုင်းဒေသကြီးသည် စိုက်ပျိုးရေး လုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများအနေဖြင့် မုန်းချောင်းရေကို အမှီပြု၍ ရုံးပတီသီးနှံနှင့် အခြား ဟင်းသီးဟင်းရွက်များကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးလျက်ရှိကြောင်း၊ ရုံးပတီသီးသည် ရေလုံလောက်စွာရရှိပါက (နွေ၊ မိုး၊ ဆောင်း) တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်ပြီး ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၈၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးကို စိုက်ပျိုးပြီး ရက်ပေါင်း ၆၀–၇၀ အကြာတွင် အသီးများစတင်ခူးဆွတ်နိုင်ပြီး တစ်ဧကလျှင် ပိဿာချိန် ၁၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ရုံးပတီသီး တစ်ပိဿာလျှင် လက်ကားဈေးနှုန်း ငွေကျပ် ၂၅၀၀ ဖြင့်လည်းကောင်း၊ လက်လီဈေးနှုန်း ငွေကျပ် ၂၈၀၀–၃၀၀၀ ဖြင့် လည်းကောင်း၊ ရုံးပတီသီး အတောင့် ၁၀ တောင့်လျှင် ငွေကျပ် ၂၅၀–၃၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၇၀၀၀၀၀ ခန့်ရရှိကာ ရုံးပတီသီးစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွင့်ဖြူမြို့၊ စလင်းမြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့ရှိ လက်လီလက်ကား ကုန်စိမ်းဆိုင်များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

DOCA (မကွေး)

## ၁၄–၈–၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၁၉၀၀၀ | ၆၆၅၄ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၀၀၀ | ၂၀၀၀၀ | - | ၁၇၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၆၇၁၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၄၃၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၈၀၀၀ | ၆၅၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၅၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၂၀၀ | | ၅၂၀၀ | ၁၇၀၀၀ | ၆၄၇၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၈၅၀၀ | ၆၄၂၅ | ၁၁၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၆၅၅၀ | ၁၁၅၀၀ | ၃၀၀၀ | ၁၃၅၀၀ | ၁၆၅၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၇၃၀၀ | ၇၃၀၀ | ၅၅၀၀ | ၅၆၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၂၀၀၀၀ | ၆၃၄၅ | ၁၀၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၃၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၉၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၂၆၀၀ | ၁၇၀၀၀ | ၂၁၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၉၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၂၂၀၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၆၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၉၀၀ | ၈၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ၁၉၀၀၀ | ၆၉၃၅ | ၁၂၀၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၉၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၈၀၀၀ | ၆၈၀၀ | ၈၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၇၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၂၀၀ | ၅၀၅၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၁၅၀ | | ၅၇၀၀ | ၁၆၀၀၀ | ၆၇၅၀ | ၁၀၅၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၁၇၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | | ၈၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၅၀၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၅၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၈၀၀၀ | ၆၂၀၀ | ၅၀၀၀ | ၅၁၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၄၀၀ | ၁၇၈၀၀ | ၆၈၀၀ | ၁၁၅၀၀ | ၂၄၀၀ | ၁၃၄၀၀ | ၁၅၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၅၀၀ | ၈၆၀၀ | ၆၄၀၀ | ၆၂၀၀ | ၄၀၀၀ | ၅၂၀၀ | ၁၂၄၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၄၀၀ | ၁၈၂၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀ | ၉၀၀၀ | ၆၆၀၀ | ၆၅၀၀ | ၄၂၀၀ | ၅၂၀၀ | ၁၂၆၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၆၀၀၀ | ၁၂၅၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၄၅၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၉၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၂၃၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# ၂၀၂၄ ခုနှစ် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား အသက်(၂၀)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ပဲခူး ဩဂုတ် ၁၄**

ပဲခူးမြို့ ဥဿာမြို့သစ်ရှိ ပဲခူးခရိုင်အားကစားကွင်း၌ ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက်(၂၀)နှစ်အောက် အမျိုးသား အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ ပြိုင်ပွဲဝင်အားကစားအသင်းများက အားကစားကွင်းအတွင်း နေရာယူပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်အား အလံကိုင်တပ်ဖွဲ့နှင့်အတူ အလေးပြုကြသည်။ **(ယာပုံ)**

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ခရိုင်ခြောက်ခရိုင်နှင့် တက္ကသိုလ်၊ ကောလိပ်များမှ အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် လေးချက်အား ရွတ်ဆိုကြသည်။

ယင်းနောက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့က သရုပ်ပြတီးခတ်ကပြဖျော်ဖြေကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်သည်။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ၊ အားကစားဝါသနာရှင်များက အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးသည်။



အဆိုပါ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက်(၂၀)နှစ်အောက် အမျိုးသား အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲတွင် အားကစားနည်း ၁၄ နည်း ပါဝင်ကာ ပွဲစဉ်ပေါင်း ၄၀၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခြောက်ခရိုင်နှင့် တက္ကသိုလ်၊ ကောလိပ်များမှ ပြိုင်ပွဲဝင်အသင်း ၁၁ သင်း၊ အားကစားသမား ၁၄၄ ဦးတို့ဖြင့် ဩဂုတ် ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မွန်ပြည်နယ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)အခမ်းအနားကျင်းပ

**မော်လမြိုင် ဩဂုတ် ၁၄**

မွန်ပြည်နယ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်) အခမ်းအနားကို ယမန်နေ့က မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက မွန်ပြည်နယ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်) အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ယခုနှစ်တွင် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲကြီးတွင် ဘာသာရပ်အစုံ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည့်အတွက် အောင်မြင်မှုဆုတံဆိပ်များ ပိုမိုရရှိနိုင်ရေးအတွက် တာဝန်ရှိသူများကလည်း အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပြီး လိုအပ်သည်များအား အစွမ်းကုန်ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မော်လမြိုင်တက္ကသိုလ် အနုပညာအသင်းမှ "အပျိုတော်အက" ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်) တွင် မော်လမြိုင်တက္ကသိုလ်မှ ပြိုင်ပွဲများ၏ တစ်ဦးချင်း အကပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြမှုအပေါ် ကြည့်ရှုအားပေးသည်။

မွန်ပြည်နယ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အဆင့်မြင့်ပညာအဆင့်)တွင် တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ပြိုင်ပွဲဝင် အမျိုးသား၊ အမျိုးသမီး ၃၆ ဦးတို့က အဆိုပြိုင်ပွဲတွင် မဟာဂီတဘာသာရပ်၊ ခေတ်ဟောင်းကာလပေါ်တေးဘာသာရပ်၊ အမျိုးဂုဏ်/ဇာတိဂုဏ်မြှင့်တင်ရေး တေးဘာသာရပ်၊ တစ်ဦးချင်းအက ပြိုင်ပွဲတို့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**




# မော်လမြိုင်ကျွန်းမြို့နယ်၌ ကွန်ကရစ်တံတားတည်ဆောက်

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် လပွတ္တာလုပ်ကြီးကျေးရွာအုပ်စု မော်ကျွန်း-ဝါးခယ်မကားလမ်းတာမှ ဘုရားစုကျေးရွာသို့ ဆက်သွယ်သော အလျား ၄၀၊ အကျယ် ၁၈ ပေရှိ ကွန်ကရစ်တံတားသစ်တည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းသိန်းနှင့် တာဝန်ရှိသူများ ဩဂုတ် ၁၂ ရက်က သွားရောက်စစ်ဆေးသည်။ **(အောက်ပုံ)**

အဆိုပါ ကွန်ကရစ်တံတားကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပြီး ကျေးရွာနေ ပြည်သူများသွားလာမှု အဆင်ပြေစေရန်အတွက် ရည်ရွယ် တည်ဆောက်ခြင်းဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၁၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ ထိန်းချုပ်ဓာတုပစ္စည်း ၃၉ မျိုးတွင်ပါဝင်သည့် Ergotamine (Mixture) ၁၆၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၈၀၀၀၀၀)ကိုလည်းကောင်း၊ ထီးတန်းဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် အိန္ဒိယနိုင်ငံထွက် Metallurgical Coke ကျောက်မီးသွေး ၈၁၅၉၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၈၇၁၆၂၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Lipovitan-D အားဖြည့်အချိုရည်ပုလင်း ၁၅၀၀၊ ပုဇွန်နှစ်ကောင်စားအုန်းဆီ ၁၈ လီတာပါ ပုံး ၂၁၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jin Bei Mini Bus တစ်စီးနှင့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၃၇၁၆၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၂ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့ ဧရာဝတီတံတားစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၂ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Cuizimate လျှပ်စစ်ဒယ်အိုး ၁၈ လုံး အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Golden Dragon Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ဩဂုတ် ၁၃ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၂၉၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၁၉၀၄)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၅၆၁၉၀၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၃ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်ပူးပေါင်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Deer Mayble Tiles ၁၄၄၈ ဒသမ ၀၇ စတုရန်းမီတာ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၅၁၃၃၃၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၃၀၀၀၀၀၀)ကိုလည်းကောင်း၊ သံရွာစစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Hifly ကားတာယာ ၁၃၆ လုံး၊ DC Type ဖုန်းအားသွင်းကြိုး ၃၆၀၀၀ အပါအဝင် ကုန်ပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၄၆၉၆၃၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၈၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၀၉၈၂၉၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် ဥက္ကံကြိုးဝိုင်း အကွက်အမှတ် (၈၇)၌ တရားမဝင် အခြားသစ် ၃ ဒသမ ၆၁ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၆၁၀၅၆) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၉၇၇၇၅၄၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# စိတ်ခွန်အားမှသည် စိတ်တန်ခိုးဖြင့် … ဆီသို့

*သဲဟန်(ဘန်ကောက်)*

စိတ်သာရှင်စေ၊ ဘုရားဟော။
မြတ်ဗုဒ္ဓဟောခဲ့တာမှာ စိတ်ကို အသေးစိတ်၊ အနုစိတ်တာမှ ခေတ်သစ် QUANTUM PHYSICS အထိ၊ ATOM, PROTON, NEUTRONS, ELECTRONS ခေတ်သစ် ရူပဗေဒတွေ့ရှိချက်တွေကို နှစ်ပေါင်း ၂၆၀၀ ကျော်ကတည်းက တွေ့ရှိဟောကြားခဲ့တာပါ။

ဗုဒ္ဓဘာသာမြန်မာအများစုကတော့ ရုပ်မြင်သံကြားက မဟာဗောဓိတရားတွေလာရင် ကိုရီးယားကား CHANNEL ကို REMOTE ခလုတ်ကလေးနှိပ် ပြောင်းကြည့်လေ့ရှိကြပါတယ်။ ဒါကိုတွေ့တော့ ကိုးကွယ်ရာဘာသာမရှိတဲ့ စင်ရော်ငှက်ကလေး ယောနသန်ရယ်၊ ကံအကြောင်းမလှခဲ့တဲ့ နာကြည်းစရာဘဝ ဘာသာမဲ့ ၁၂ နှစ်သား ကလေးအရွယ်ကနေ စိတ်တန်ခိုးနဲ့ အလွန်အောင်မြင်သော ဦးနှောက်နဲ့ စိတ်ပညာရှင်ကြီးတစ်ဦးအကြောင်း ဖတ်ပြီးတော့ ဗုဒ္ဓဘာသာဝင်တွေ ကိုယ်စားရှက်ပြုံးလေးပြုံးမိရပါတယ်။ တစ်ချိန်တည်းမှာပဲ အဆိုတော် အောင်ကိုလတ်ဆိုခဲ့တဲ့ A B C D မတတ်ဘဲနဲ့ အရပ်ထဲကိုလည်ဆိုတဲ့သီချင်းကို တီးတိုးညည်းမိပါတယ်။

**လူတိုင်းရဲ့ အတွင်းသဏ္ဍာန်ထဲက အကောင်းတွေ မြင်အောင်ကြည့်**

RICHARD BACH ရဲ့ ယောနသန်စင်ရော်ကို အကြိမ်ကြိမ်ဖတ်ခဲ့ဖူးပါတယ်။ တစ်ခါပြန်ဖတ်တိုင်း ဖတ်တိုင်း အတွေးတစ်မျိုး၊ အသိဉာဏ်တစ်မျိုး ပေါ်ပါတယ်။ ငယ်ငယ်တုန်းကတော့ သူများမလုပ်နိုင်တာကို ကြိုးစားထိုးဖောက် လုပ်နိုင်စွမ်းရည်ကို အားကျခဲ့ရတာပါ။

မေတ္တာတွေ၊ ကရုဏာတွေ၊ တရားသဘောတွေ ပါမှန်းမသိခဲ့ပါဘူး။ အခုကြီးလာတဲ့အခါ၊ တစ်ခါပြန်ဖတ်တိုင်း ဖတ်တိုင်းစိတ်ရဲ့တန်ခိုးစိတ်စွမ်းအားတွေ၊ လုံ့လစိုက်ထုတ်မှု၊ ဒဿနိကသဘော၊ ပရမတ္ထတရားသဘောတွေ ထင်ဟပ်သဘောပေါက်လာရပါတယ်။ မူရင်းအင်္ဂလိပ်ဘာသာ JONATHAN LIVINGSTON SEAGULL ကို ဖတ်လိုက် တွေးလိုက်၊ ဓမ္မိကဘသန်း (လွတ်လပ်ရေးမော်ကွန်းဝင် သရေစည်သူ၊ ဗိုလ်မှူးကြီး)ရဲ့ မြန်မာပြန်ကို ဖတ်လိုက်နဲ့၊ ဖတ်တိုင်း ဖတ်တိုင်း၊ စိတ်ခွန်အားတွေ၊ တဖွားဖွားဖြစ်စေခဲ့ပါတယ်။

ယောနသန်စင်ရော်ဟာ သာမန်ငှက်ပိန်းမဟုတ်ပါ။ လေဟုန်ဝေဟင်ကနေ အဖန်ဖန်ပြန်ကျလဲ၊ အားသစ်ဖြည့် ပြန်ထ၊ အထက်အောက်ပျံသန်းနိုင်တဲ့ ငှက်စွမ်းကောင်းပါ။ ပေတစ်ထောင်အမြင့် အာကာယံကနေ ပင်လယ်ထဲထိုးကျ အရှိန်ယူပြီး၊ အရှိန်ဖြင့် ရုတ်ခြည်းစောက်ထိုးပြု၊ တည့်တည့်မတ်မတ်ကြီးအောက်သို့ ပင်လယ်လှိုင်းများဆီသို့ မီးပွင့်လုမတတ် စိုက်ထိုးဆင်းသက်တတ်တဲ့ ယောနသန်စင်ရော်ပါ။

အောက်စိုက်ကျဆင်းရာကနေ ခက်ခက်ခဲခဲ ပေတစ်ထောင်အမြင့် အာကာတွေကို ပြန်တက်၊ ရှေ့တည့်တည့် အားကုန်ပျံ၊ နောက်တစ်ခါ အောက်ကို စောက်ထိုး ဒေါင်လိုက်ကြီး စိုက်ချတဲ့ ယောနသန်၊ ဂျင်လို တလိမ့်ခေါက်ကွေးကျပြန်ပြီး ပြန်တက်လိုက်။

တစ်ခါတုန်းက စင်ရော်အိုငှက်ကြီးတစ်ကောင်က သူ့ကိုလိုက်ထိုးပြီး အနိုင်ကျင့်လို့ သူကြိုးစားရယူထားတဲ့ ငါးငယ်လေးတစ်ကောင်ကို ချပေးလိုက်ရတာ သူမမေ့။ အားကြီးသူက အနိုင်ကျင့်စမြဲ။ ဩော် – ဒီအစာအတွက် အချိန်ကုန်ခံမည့်အစား၊ အချိန်တွေကို အပျံလေ့ကျင့်ခြင်းဖြင့် ကုန်စေတာ မကောင်းပါလား၊ လေ့လာစရာ၊ သင်ယူစရာ၊ နိဿရည်းတွေ အများကြီးတောင်မှပဲ၊ ဒါသူ့အတွေး။

သတ္တဝါဆိုတဲ့ ဘဝကို ရလာကြတာဟာ သင်ယူဖို့၊ တွေ့ရှိဖို့၊ တတ်မြောက်ဖို့၊ ကျော်လွှားနိုင်ဖို့၊ ဒါဟာ စင်ရော်ငှက်ကလေးက လူသားတွေကိုပေးတဲ့ သင်ခန်းစာ။ လူသားတွေ လေ့သူရဲတွေအတွက် ယောနသန်စင်ရော်ငှက်ကပေးတဲ့ စိတ်ခွန်အား၊ စိတ်တန်ခိုး…။

“ငါဟာ အရိုးနဲ့အသွေးဆိုတဲ့ ရုပ်ဓာတ်သာရှိတာ မဟုတ်ဘူး။ ဘာကမှ ကန့်သတ်ချုပ်ချယ်မထားတဲ့ ကျွတ်တမ်းဝင်တရားနဲ့ လွတ်မြောက်စွာ ပျံသန်းမှုတရားတွေကို ထိုးသွင်းသိမြင်တဲ့ ဉာဏ်ပညာဆိုတဲ့ နာမ်ဓာတ်တစ်ခုလည်း တွေ့ရတယ်။”

ဟော ရုပ်နဲ့ နာမ်တရားကို စင်ရော်ငှက်က ပြနေပြီပါပကောလား။

ဆရာ ယောနသန်က အကြဉ်ခံထားရတဲ့ ဖလက်ချာငှက်ကလေးကို သင်ပေးတယ်။ ဒီမှာ ဖလက်ချာ၊ မင်းရဲ့ မံသမျက်စိတွေက ပြောပြနေတာတွေ မင်းမယုံလေနဲ့။ အဲဒါအကန့်အသတ် အချုပ်အချယ်တွေပဲ။ ဘာကိုမဆို အမြင်သိနဲ့သာ မဟုတ်ဘဲ ပညာသိနဲ့ နားလည်အောင်၊ မြင်တတ်အောင်၊ တွေ့အောင်ရှာကြည့်ကွ။ ဒါဆို ပျံသန်းခြင်းအတတ်ရဲ့ လမ်းမတော်ကြီးကို မင်းမြင်လာလိမ့်မယ်တဲ့။ ဒီမှာ မင်းကိုကြဉ်ထားတဲ့ အုပ်စုကြီးဆီကို မင်းပြန်သွားပြီ၊ မင်းတတ်တဲ့ ပညာသင်ပေးချင်တဲ့ စိတ်မျိုးပေါ်လာသည်အထိ မင်းမေတ္တာပွားရမယ်။ မင်းသတိပြုရမှာက မုန်းတီးခြင်းနဲ့ မကောင်းမှုဆိုတာကို မင်းမစွဲလမ်းရဘူး၊ မချစ်ရဘူး။ သူတို့တစ်ကောင်ချင်း၊ တစ်ဦးချင်း၊ တစ်ယောက်စီတိုင်းရဲ့ အတွင်းသဏ္ဍာန်ထဲမှ အကောင်းတွေကို မင်းမြင်အောင်ကြည့်ဖို့ ကြိုးစား။ ဒီအကောင်းတွေမြင်လာရင် မင်းသူတို့ကို အကူအညီပေးရမယ်။ မေတ္တာတရားဆိုတာဒါမျိုးပဲလို့ ငါဆိုလိုချင်တာ၊ မေတ္တာတရားရဲ့အထာကို မင်းသိလာရင် သိပ်ပျော်စရာကောင်းတယ်တဲ့။

အလိုလေး၊ ဒါ ယောနသန်စင်ရော်က ဖလက်ချာငှက်လေးကို တရားပြနေတာ၊ မေတ္တာတရားသင်ပေးနေတာ။ လူတွေကိုကြည့်လိုက်ကြပါဦးကွယ် တို့ရယ်။

တိရစ္ဆာန်မှာ ကိုးကွယ်တဲ့ ဘာသာမရှိဘူးရယ်၊ ဒါပေမယ့် မေတ္တာတရား၊ ရုပ်တရား၊ နာမ်တရားတွေကို သူ ညွှန်ပြသွားတယ်လေ။

**ကရုဏာဖြင့် နှလုံးသားဒဏ်ရာ ကုစားအောင်နိုင်ခြင်း**

ကရုဏာတရားကို လက်တွေ့ပွားများခြင်းကနေ ဘဝမှာ ဘယ်လိုမှမမျှော်မှန်းနိုင်တဲ့ ပြောင်းလဲမှု၊ အောင်မြင်မှုတွေရခဲ့တာကို ဘာသာတရားမရှိ စိတ်ဒဏ်ရာအပြည့်နဲ့ ၁၃ နှစ်သား အမေရိကန်နိုင်ငံသားကလေးငယ်က သက်သေပြလိုက်ပါပြီ။

ဖခင် အရက်သမားမူးပြီး ကားတိုက်လို့ အလုပ်ပြုတ်၊ ထောင်ခဏခဏကျ၊ မိခင်က စိတ်ကျရောဂါနဲ့ သူ့ကိုယ်သူ သေကြောင်းကြံတာမှ အကြိမ်ကြိမ်၊ အမေ့ဆေးရုံပို့ဖို့၊ ကျောင်းအကြိမ်ကြိမ်ပျက်၊ သူ့ပညာရေးကိုလည်း မိဘကမပံ့ပိုးနိုင်၊ ဒီလိုကံအကြောင်းမလှတဲ့ ကလေးငယ်လေးဟာ ဆိုးကျိုးတွေ၊ ခါးသီးမှုတွေနဲ့ သူ့ဘဝဟာ ကျိန်စာသင့်နေတယ်လို့ သူထင်မိတယ်။ တစ်နေ့မထင်မှတ်ဘဲ ကရုဏာတရားရှုမှတ်ဖို့ သင်ပေးတဲ့သူနဲ့ ကြုံခဲ့ရတယ်။ ဒါသူ့ဘဝရဲ့ အံ့မခန်းပြောင်းလဲချက် ခြေလှမ်းပါ။

မျက်လှည့်ဝါသနာပါတဲ့ ကလေးငယ်ဟာ မျက်လှည့်ပစ္စည်းရောင်းတဲ့ ဆိုင်တစ်ဆိုင်ကို ရောက်သွားပြီး ဆိုင်ရှင်ရဲ့မိခင်က ကလေးကို မျက်လှည့်သင်ပေးမယ်ဆိုရာက စခဲ့ပါတယ်။ တကယ်တော့ အမျိုးသမီးကြီးဟာ မျက်လှည့်မတတ်ပါဘူး၊ ကလေးကို အသက်ရှူသွင်း၊ ရှူထုတ်လေ့ကျင့်ပြီး ကရုဏာပွားတတ်အောင် သင်ပေးခဲ့တာပါ။ ကရုဏာတရားပွားခြင်းနဲ့ ဝင်လေ ထွက်လေ ရှုမှတ်ခြင်း အလေ့အကျင့်ကို ထူထောင်ပေးလိုက်တာပါ။ ဒီအလေ့အကျင့်ဟာ သူ့နှလုံးသားဒဏ်ရာတွေကို ကုစားပေးနိုင်ရုံသာမက သူ့နားက သူတွေရဲ့ နှလုံးသားဒဏ်ရာတွေကိုပါ သူကုစားပေးနိုင်ခဲ့ပါပြီ။

သူဟာ ဒီကနေ့ အလွန်အောင်မြင်ကျော်ကြားနေတဲ့၊ ဦးနှောက်ခွဲစိတ် အထူးကုဆရာဝန်ကြီး၊ ဦးနှောက်နဲ့ နှလုံးသားချိတ်ဆက်မှု သုတေသနပညာရှင်ပါမောက္ခကြီး၊ CCARE – CENTER FOR COMPASSION ALTRUISM RESEARCH & EDUCATION ခေါ်တဲ့ ကရုဏာနဲ့မုဒိတာ သုတေသနနဲ့ ပညာရေးဗဟိုဌာနကြီးတစ်ခု တည်ထောင်သူ၊ ဦးဆောင်သူ ညွှန်ကြားရေးမှူးတစ်ဦး ဖြစ်လာခဲ့ပါပြီ။

ဘာသာမဲ့တဲ့၊ ဗုဒ္ဓဘာသာမဟုတ်တဲ့ ဒီသူငယ်လေးဟာ ကရုဏာတရား၊ မုဒိတာတရား လူနာတွေကို ပွားများစေပြီး ဆေးကုပေးနေပါပြီ။ ဦးနှောက်ခွဲစိတ်ခန်းဝင်တဲ့အခါ လူနာရဲ့ အသက်အတွက်၊ သေမင်းနဲ့ စစ်ခင်းရအချိန်မှာ သူဟာ ဝင်လေထွက်လေမှတ်၊ ကရုဏာ၊ မုဒိတာ ကမ္မဋ္ဌာန်းခေတ္တရှုပြီးမှ ဓားကိုင်သော လက်မတုန်ရအောင်ဆက်ထိန်းခွဲစိတ်နိုင်တော့တယ်လို့ ပြောပါတယ်။

ဒီလိုကရုဏာတရားရှုနည်း၊ မုဒိတာတရားရှုနည်းကို စာရေးသူရဲ့ကျေးဇူးရှင် အောက်စ်ဖို့ ဆရာတော်ကြီးရဲ့ တရားစခန်းမှာ အမြဲပွားများကျင့်ရပါတယ်။ နှလုံးသားတံခါးကို ဖွင့်ထားကြလို့ ဆရာတော်ကြီး သွန်သင်ဆုံးမမှုတွေ စာအုပ်လည်းပဲ ထုတ်ထားပါတယ်။ ကရုဏာဆိုတာ တစ်ဖက်သားရဲ့ဒုက္ခကို ကိုယ်ချင်းစာနာထောက်ထားတာပါ။ ကိုယ်ကိုယ်တိုင်ကမှ ရေနစ်နေရင် သူတစ်ပါးကို ဘယ်လိုကယ်တင်မှာလဲ။ ဒါကြောင့် ကရုဏာတရား ရှုမှတ်နည်းမှာ –

၁။ ကိုယ့်ကိုယ်ကိုယ်အရင် ကရုဏာပွားရပါတယ်။
၂။ ကိုယ်နဲ့အနီးကပ်ဆုံး (မိဘ၊ ခင်ပွန်း၊ သားသမီး)၊
၃။ လုပ်ဖော်ကိုင်ဖက် ခင်မင်ရင်းနှီးသူ၊
၄။ ကိုယ်နဲ့မသိတဲ့ သူစိမ်း၊
၅။ ကိုယ့်ကိုရန်ပြုစော်ကားသူ၊ မုန်းတီးသူ။

ဒီအုပ်စု ငါးစုကို တစ်လှည့်ချင်းကရုဏာပွားရပါတယ်။ အုပ်စု ၁ ကနေ ၄ အထိ နိုင်ပြီးမှသာ အုပ်စု ၅ ကို ပွားနိုင်မှာပါ။ ဘဝမှာ ဘယ်လိုခက်ခဲမှု၊ ရုန်းကန်မှုတွေ ကြုံခဲ့ရသလဲဆိုတာကို အလှည့်လိုက် ကရုဏာပွားရပါတယ်။

နောက်တစ်ဆင့် မုဒိတာ ကမ္မဋ္ဌာန်းပွားများခြင်းမှာတော့ ဒီလိုဒုက္ခတွေ၊ ကျဆုံးမှုတွေ ကျော်လွှားနိုင်ခဲ့ပြီး ဝမ်းမြောက်ရတဲ့၊ ပျော်ရွှင်ရတဲ့ အကြောင်းအရာလေးတွေကို ခုနလိုပဲ အလှည့် ငါးလှည့်ခွဲပြီး ပွားရပါတယ်။

စာရေးသူ တရားစခန်းမျိုးစုံဝင်ခဲ့၊ ဆရာများစွာထံက တရားဆည်းပူးခဲ့ရာ သက်တမ်းတစ်လျှောက်လုံး ဒီလိုဂရုဏာ၊ မုဒိတာတရားရှုမှတ်နည်းကို အောက်စ်ဖို့ ဆရာတော်ဆီရောက်မှပဲ စကြားဖူး၊ အားထုတ်ဖူးတော့တယ်။ ဆရာတော်ကြီးရဲ့ ကျေးဇူးကြီးမားလှပါတယ်။ နှလုံးသားတံခါးကိုဖွင့်စေခဲ့တဲ့ ဆရာတော်ကြီးကိုလည်း ဒီဆောင်းပါးဖြင့် ဦးညွှတ်ကန်တော့ပါတယ် ဘုရား။

ဗုဒ္ဓရဲ့တရားရှုမှတ်နည်းမျိုးစုံကို ရိပ်သာမျိုးစုံ၊ နည်းမျိုးစုံနဲ့ သူ့သာခကနဲ့သူ တရားမိုးတွေ ရွာသွန်းပေးနေတဲ့ စာရေးသူတို့နိုင်ငံမှာ အဘယ်ကြောင့်များ မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ ဆိတ်သုဉ်းနေရပါသလဲလို့ အကြိမ်ကြိမ်မေးခွန်းထုတ်မိပါတယ်။

ခုနပြောတဲ့ ဘာသာမဲ့၊ ဦးနှောက်ဆရာဝန်ကြီးရဲ့ သုတေသနဆောင်ရွက်ချက် စာတမ်းတွေကို လေ့လာကြည့်ရာမှာတော့ ဒီလိုကရုဏာပွား၊ မုဒိတာပွားနေတဲ့အခါ ဦးနှောက်ကနေ ဟော်မုန်းအရည်တွေ ထွက်လာပြီး ဦးနှောက်ကို ပြုပြင်ပြောင်းလဲစေနိုင်တယ်လို့ ဖတ်မှတ်ရပါတယ်။ အောက်စ်ဖို့ဆရာတော်ကြီးရဲ့ စကားနဲ့ပြောရရင်တော့ဦးနှောက်ရဲ့အနောက်ခြမ်း၊ ဝံပုလွေအမည်းက မကောင်းတဲ့အတွေး၊ အပြစ်မြင်၊ အပျက်သဘော အတွေးအမြင်တွေ လွှမ်းမိုးနေတဲ့ ဦးနှောက်အပိုင်းက ကျုံ့သွားပြီး ဦးနှောက်အရှေ့ခြမ်း ဝံပုလွေအဖြူ အကောင်းမြင်၊ အပြုသဘောဆောင်၊ တွေးခေါ်တတ်တဲ့ ဦးနှောက်အပိုင်းက ကြီးထွားဖွံ့ဖြိုးလာတယ်လို့ သင်ယူမှတ်သားရပါတယ်။

ခုနကဆရာဝန်ကြီးက ဘာသာကိုးကွယ်မှု မရှိပါဘူး။ ဒါပေမယ့် သူဟာ ကရုဏာ၊ မုဒိတာပွားပြီး ဖြဟ္မစိုရ်တရားနဲ့ ဆေးကုပါတယ်။ ဦးနှောက်နဲ့ နှလုံးအိမ် ဟာဒယဆက်နွှယ်မှုကို အထူးပြုသုတေသနလုပ်တဲ့ ဆရာဝန်ကြီးဟာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ အကြင်နာတရားပွားခြင်းကို သူ့ရဲ့ဆေးပညာ လက်နက်တန်ဆာအဖြစ် အသုံးပြုပါတယ်။

ဒီကနေ့ ဦးနှောက်နဲ့ စိတ်ပညာဆရာဝန်ကြီးတော်တော်များများဟာ လူနာတွေကို တရားရှုမှတ်စေတဲ့ နည်းနဲ့ကုသနေကြတာ အတော်လေး ခရီးရောက်နေကြပါပြီ။

ရှေ့မှာပြောခဲ့တဲ့ ယောနသန်စင်ရော်ငှက်ကလေးကရော ဘာပြောသလဲ။ ကိုယ့်ကို ကြဉ်ထားတဲ့ ရန်ဘက်အုပ်စုကို မေတ္တာထားနိုင်အောင် သူတို့အကျိုးကို လိုလိုလားလား ကူညီဆောင်ရွက်ဖို့ ညွှန်ကြားပါတယ်။

သူတို့ ဗုဒ္ဓတရားတွေ မသင်ယူဖူးကြပါဘူး။ ဒါဆိုရင် စာရေးသူတို့ ဗုဒ္ဓဘာသာတွေ မေတ္တာ၊ ကရုဏာ၊ မုဒိတာတွေ ဘယ်လောက်ပွားများနိုင်ကြပြီလဲ။

*စာမျက်နှာ ၁၇ သို့*

> “ ဘာသာမဲ့၊ ဦးနှောက်ဆရာဝန်ကြီးရဲ့ သုတေသနဆောင်ရွက်ချက် စာတမ်းတွေကို လေ့လာကြည့်ရာမှာတော့ ဒီလိုကရုဏာပွား၊ မုဒိတာပွားနေတဲ့အခါ ဦးနှောက်ကနေ ဟော်မုန်းအရည်တွေ ထွက်လာပြီး ဦးနှောက်ကို ပြုပြင်ပြောင်းလဲစေနိုင်တယ်လို့ ဖတ်မှတ်ရပါတယ်။ အောက်စ်ဖို့ဆရာတော်ကြီးရဲ့ စကားနဲ့ ပြောရရင်တော့ ဦးနှောက်ရဲ့အနောက်ခြမ်း၊ ဝံပုလွေအမည်းက မကောင်းတဲ့ အတွေး၊ အပြစ်မြင်၊ အပျက်သဘောအတွေးအမြင်တွေ လွှမ်းမိုးနေတဲ့ ဦးနှောက်အပိုင်းက ကျုံ့သွားပြီး ဦးနှောက်အရှေ့ခြမ်း ဝံပုလွေအဖြူ အကောင်းမြင်၊ အပြုသဘောဆောင်၊ တွေးခေါ်တတ်တဲ့ ဦးနှောက်အပိုင်းက ကြီးထွားဖွံ့ဖြိုးလာတယ်လို့ သင်ယူမှတ်သားရပါတယ် ”




## ကျုံပျော်မြို့နယ် တာသစ်ကြီးရပ်ကွက်၌ ရခိုင်ပြည်နယ်မှ ယာယီနေရပ်စွန့်ခွာလာသူ ၃၃ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးညှဉ်းပန်းနှိပ်စက်နေသည်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၁၄

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် တာသစ်ကြီးရပ်ကွက်သို့ ရောက်ရှိနေသည့် ရခိုင်ပြည်နယ်မှ ယာယီနေရပ်စွန့်ခွာလာသူ ၃၃ ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးညှဉ်းပန်းနှိပ်စက်နေသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ကျုံပျော်မြို့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းသည် မှန်ကန်မှုမရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် သွေးထိုးသပ်လျှို၍ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျုံပျော်မြို့အတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအပေါ် အကြောင်းမဲ့ မတရားဖမ်းဆီးခြင်း၊ ခေါ်ဆောင်စစ်ဆေးခြင်းများမရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**



## ရေကြီးမှုကြောင့် ပြိုကျပျက်စီးခဲ့သော တံတားနှင့် လမ်းတာပေါင်ပျက်စီးမှုကွင်းဆင်းစစ်ဆေး

ပဲခူး ဩဂုတ် ၁၄

ပဲခူးခရိုင်အတွင်း ရေကြီးမှုကြောင့် ပျက်စီးခဲ့သော ဘောနတ်ကြီး-ကင်းချောင်းလမ်းပေါ်ရှိ ကင်းချောင်းတံတားနှင့် ဘောနတ်ကြီး-ကင်းချောင်းလမ်းအပိုင်းတစ်ပိုင်း၊ မြစ်ကျိုး-ဆင်ရွာလမ်း အပိုင်းငါးပိုင်း၊ ဖအောင်ဝဲ-သုံးခွလမ်းအပိုင်းသုံးပိုင်း၊ ရေလွှဲ-ဆားကျင်းလမ်း အပိုင်းနှစ်ပိုင်းတို့၏ လမ်းတာပေါင်ပျက်စီးမှုများအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေ၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ကျော်လူနှင့် ဌာနတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ဦးစွာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေနှင့်အဖွဲ့သည် ပဲခူးမြို့နယ် ဘောနတ်ကြီး-ကင်းချောင်းလမ်းပေါ်ရှိ ရေကျော်ရေတိုက်စားခြင်းကြောင့် ပြိုကျပျက်စီးသွားသော ကင်းချောင်းတံတားအား အရေးပေါ်ဘေလီသံပေါင်တံတား ပေ ၅၀ လုပ်ငန်းကို ပဲခူးမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဩဂုတ် ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးမှုနှင့် ဘောနတ်ကြီး-ကင်းချောင်းလမ်းအပိုင်းတစ်ပိုင်းနှင့် ဝေါမြို့နယ်ရှိ မြစ်ကျိုး-ဆင်ရွာလမ်းအပိုင်းငါးပိုင်း ပျက်စီးနေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒိုက်ဦးမြို့နယ်ရှိ ဖအောင်ဝဲ-သုံးခွ လမ်းအပိုင်း သုံးပိုင်းနှင့် ရေလွှဲ-ဆားကျင်းလမ်းအပိုင်း နှစ်ပိုင်းတို့၏ လမ်းတာပေါင်ပျက်စီးမှုကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ရှိသူများက လမ်းကြောင်းပြတ်တောက်မှုမရှိစေရန်အတွက် ရေပြန်လည်ကျဆင်းပါက မြေသားတာပေါင်များဖို့ရန်နှင့် လိုအပ်သောနေရာများတွင် ဘေလီတံတားထိုးရန် မှာကြားခဲ့ကြောင်း သိရသည်။ **သက်ထက်**

## မုံရွာမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် လောင်းလုံးမြို့နယ်အတွင်း တပ်မတော်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများကြောင့် ပြည်သူများ ထိခိုက်သေဆုံးခဲ့သည်ဟု မဟုတ်မမှန်ရေးသား

နေပြည်တော် ဩဂုတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ထနောင်းတောတောင်ရွာ ဈေးတန်းကို တပ်မတော်က ဩဂုတ် ၁၃ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် ဒေသခံပြည်သူ ၁၁ ဦးသေဆုံးပြီး ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ မုံရွာမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တာဝန်ရှိသူတစ်ဦးနှင့် ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ မုံရွာမြို့နယ်အတွင်း ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရန်အတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်သောင်းကျန်းသူများက အဝေးမှလက်လုပ်လက်နက်ကြီးများ၊ Drop Bomb များ၊ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ၎င်းတို့ ပစ်ခတ်သည့် လက်နက်ကြီးကျည်များသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထိမှန်ခြင်းမရှိဘဲ လူနေအိမ်များအပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ရကြောင်း သိရှိရပြီး အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် အထင်မြင်လွဲမှားစေရန် လူမှုကွန်ရက်မှတစ်ဆင့် အထောက်အထားမဲ့ သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေနေခြင်းဖြစ်သည်။







ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ် ၁၁ ရက်တွင် ခင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သဖြင့် အဘွားအိုတစ်ဦး သေဆုံးခဲ့သည်ဟုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ် ၁၂ ရက်တွင် လောင်းလုံးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ လက်နက်ကြီးဖြင့် ပစ်ခတ်မှုပြုလုပ်ခဲ့သည်ဟုလည်းကောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



## မိုးသည်းထန်ရေကြီးမှုကြောင့် ပျက်စီးခဲ့ရသည့် လယ်မြေများအတွက် နည်းပညာပေးဆွေးနွေး

ပေါင် ဩဂုတ် ၁၄

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်မြေများအတွင်း ပြန်လည်ကုစားပေးနိုင်မည့်အခြေအနေများနှင့် တောင်သူနည်းပညာဆွေးနွေးပွဲများကို ကျင်းပပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရှိရသည်။

ယနေ့ နံနက်ပိုင်းက သထုံခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သင်းသင်းဆင့်၊ သထုံခရိုင်မြေစာရင်းဦးစီးဌာနမှ ဦးကျော်အောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကျော်စွာလှိုင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနဦးစီးမှူး ဦးသန်းညွှန့်ဦးတို့သည် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသောစပါးပင်များအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဆက်လက်ဆောင်ရွက်ရမည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ တောင်သူနည်းပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရေကြီးနစ်မြုပ်ခဲ့သည့် လက်ပံတောကျေးရွာ၊ မုတ္တမကျေးရွာ၊ မော်ဘီကျေးရွာ၊နတ်မော် ကျေးရွာ စသည့်ကျေးရွာ လေးရွာရှိ ရေကြီးနစ်မြုပ်ဧရိယာ ၁၂၃၂၆ ဧက၊ ရေကြီးနစ်မြုပ်ပြီး ပြန်လည်ပေါ်လာသည့် ဧက ၁၂၃၂၆ ဧကတွင် ထိခိုက်ပျက်စီးဧက ၂၄၅၆ ဧက၊ ပျက်စီးသွားသည့် ဧက ၁၄၁၆ ဧကရှိကြောင်း သိရှိရပြီး ပြန်လည်ကုစားနိုင်မည့်အခြေအနေများကို စိုက်ပျိုးရေးဦးစီးဌာနက ပေါင်းစပ်ညှိနှိုင်းပေးလျက်ရှိသည်။ **မွန်မလေး (ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

မုန်းစွဲတွေကို တွယ်တာနေရမှာမဟုတ်၊ မေ့ပစ်ရမှာဆိုတဲ့ ယောနသန်စင်ရော် တိရစ္ဆာန်ရဲ့ ညွှန်ပြမှု။

အမှတ်မထင် အဆိုတော် အောင်ကိုလတ်ရဲ့ "အေ ဘီ စီ ဒီ မတတ်ဘဲနဲ့ အရပ်ထဲ ကိုလည်" သီချင်းကို တီးတိုးဆိုမိလိုက်ပါတော့တယ်။

**ABCD မတတ်ဘဲနဲ့ အရပ်ထဲကိုလည်**

ဦးနှောက်နဲ့နှလုံး ဟာဒယချိတ်ဆက်မှုကို သုတေသနပြုခဲ့တဲ့ ဆရာဝန်ကြီး ဟိုးတစ်ချိန်ဘဝ မလှခဲ့၊ အလွန်ဆင်းရဲခဲ့၊ နာကြည်းခဲ့ရတဲ့ဘဝကနေ ကရုဏာတရား၊ ဝင်လေ ထွက်လေ ရှုမှတ်ပြီး ဒီကနေ့ အောင်မြင်ကျော်ကြားနေတဲ့ ဆရာဝန်ကြီး CCARE ကရုဏာ၊ မုဒိတာ သုတေသနနဲ့ ပညာရေးဗဟို ဝန်ဆောင်မှုပေး၊ ဆေးကုသတဲ့ဆရာဝန်ကြီးဆီက A B C D ကို စာရေးသူ ခုမှသင်ယူနေရပါတယ်။ သူက နှလုံးသားရဲ့အက္ခရာဟာ C D E F G H I J K L လို့ ဖွင့်ဆိုပါတယ်။

C = Compassion (ကရုဏာ၊ စာနာရိုင်းပင်းမှု)
D = DIGNITY (ဂုဏ်သိက္ခာ၊ ကိုယ်ကျင့်တရား)
E = EQUANIMITY(စိတ်တည်ငြိမ်၊ တုန်လှုပ်ချောက်ချားမှုကင်းခြင်း)
F = FORGIVENESS (ခွင့်လွှတ်ခြင်း၊ ခန္တီ)
G = GRATITUTE (ကျေးဇူးတရားသိတတ်ခြင်း)
H = HUMILITY (နှိမ့်ချခြင်း)
I = INTEGRITY (ရိုးသားဖြောင့်မှတ်တည်ကြည်ခြင်း)
J = JUSTICE (တရားမျှတခြင်း)
K = KINDNESS (သနားကရုဏာတရား)
I = LOVE (ချစ်ခြင်းမေတ္တာ)

ဆရာဝန်ကြီးဖွင့်ဆိုတဲ့ A B C D ကို နှလုံးသားမှာ လေးလေးနက်နက် အက္ခရာထွင်းနိုင်ရင်တော့ စာရေးသူတို့ရဲ့ ဦးနှောက်မှာ ဝံပုလွေအမည်းအတွက် နေရာမရှိတော့ဘဲ၊ ဝံပုလွေအဖြူက နေရာယူထားမှာဖြစ်လို့ စိတ်ရဲ့ခွန်အား၊ စိတ်ရဲ့တန်ခိုးများကြောင့် မကောင်းတဲ့ အကျင့်အတွေးတွေ ပယ်ဖျောက်ပြီး ကောင်းကျိုးလိုရာ ရည်မှန်းချက်ပန်းတိုင်ဆီသို့ ဧကန်မလွဲရောက်ကြရမှာပါ။

နိဂုံးချုပ်လေးမှာ နောင်ရေးကောင်းရေးမယ့် ရေးချင်စိတ်ရှိတဲ့ အယူအဆလေးနှစ်ခုနဲ့ အဆုံးသတ်ချင်ပါတယ်။ DISPOSITIONAL OPTIMISM ဆိုတာ စိတ်ဝင်စားမိပါတယ်။ SUBCONSCIOUS MIND မသိစိတ်က မအောင်မြင်တဲ့အကြောင်းတွေးနေတာ၊ CONSCIOUS MIND သိစိတ်က အောင်မြင်တဲ့အကြောင်းတွေးတာ။ ဝံပုလွေအမည်းနဲ့အဖြူစိတ်ရဲ့ ဦးနှောက်ဆက်နွယ်ပုံတွေကို ဆက်လက်လေ့လာကြည့်ချင်ပါသေးတယ်။

မြန်မာပြည်သူပြည်သားများ စိတ်ရဲ့စွမ်းအား၊ စိတ်တန်ခိုးဖြင့် မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ လျှံနေသော ဘဝနေထိုင်မှုဖြင့် လိုရာပန်းတိုင်ဆီသို့ ရောက်ကြပါစေသော်။ ။

# သင်တန်းသူများအနေဖြင့် သင်တန်းမှသင်ကြားပေးမည့် ပညာရပ်များဖြင့် အလုပ်အကိုင်အခွင့်အလမ်းရရှိ

**မုံရွာ ဩဂုတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးကော်မတီက ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းအမှတ်စဉ် (၂/၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၃ ရက်က တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် မိမိဒေသနှင့်ကိုက်ညီမှုရရှိစေမည့် အသက်မွေးမှုနှင့် ကျွမ်းကျင်မှုသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးသွားရန် စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ ယခုဖွင့်လှစ်မည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းသည်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်သည့်အတွက် သင်တန်းသူများအနေဖြင့် စာတွေ့၊ လက်တွေ့သင်ကြားနိုင်သည့် အခွင့်အရေးများရရှိမည်ဖြစ်သည့်အတွက် တန်ဖိုးရှိသည့် သင်တန်းတစ်ခုဖြစ်ကြောင်းနှင့် ယခုသင်တန်းမှ သင်ကြားပေးမည့် ပညာရပ်များဖြင့် အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အောင်မြင်သည့် လူမှုစီးပွားဘဝများ တည်ဆောက်နိုင်ကြပါစေကြောင်း ပြောကြားသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးထံ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာ သင်တန်းဖွင့်လှစ်ရန်အတွက် ထောက်ပံ့ငွေကျပ် ၁၉၅၇၅၀၀ ကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မောင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် အသုံးပြုသွားမည့် သင်ထောက်ကူပစ္စည်းများကို လိုက်လံကြည့်ရှုပြီး (ဝဲပုံ) အဆိုပါ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းအား ရက်သတ္တပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသူ ၃၉ ဦး တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# သီးနှံအကြွင်းအကျန်များကို အသုံးချ၍ မှိုစိုက်ပျိုးမွေးမြူခြင်းဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ခြင်း စကားဝိုင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၄**

သီးနှံ အကြွင်းအကျန်များကို အသုံးချ၍ မှိုစိုက်ပျိုးမွေးမြူခြင်းဖြင့် တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်ခြင်း စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဦးဗိုလ်ဗိုလ်ကျော်၊ ညွှန်ကြား ရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အရာထမ်း အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ကိုယ်စားလှယ်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မိမိတို့နိုင်ငံ၌ နှစ်စဉ်နွေစပါး၊ မိုးစပါး စုစုပေါင်း ဧက ၁၇ သန်းခန့် စိုက်ပျိုးလျက်ရှိကြောင်း၊ အထူးသဖြင့် စပါးစိုက်ခင်းများကို ရိတ်သိမ်းပြီးနောက် ကောက်ရိုးနှင့် ရိုးပြတ်များ၊ သီးနှံအကြွင်းအကျန်များကို မီးရှို့ရှင်းလင်းလေ့ရှိကြသဖြင့် ထွက်ရှိလာသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ($CO_2$) များ ထုတ်လွှတ်ခြင်းကြောင့်ပတ်ဝန်းကျင်ညစ်ညမ်းစေခြင်းနှင့် ကမ္ဘာကြီးပူနွေးစေခြင်း၊ မြေကြီးအတွင်းရှိ အကျိုးပြုအဏုဇီဝပိုးများ သေဆုံးသွားနိုင်ခြင်း၊ မြေဆီလွှာ၏ ဂုဏ်သတ္တိကျဆင်းသွားခြင်း၊ မြေဆီလွှာရှိ နိုက်ထရိုဂျင်နှင့် ဆာလဖာဓာတ်များ အငွေ့ပြန်ဆုံးရှုံးသွားခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေလျက်ရှိကြောင်း။

အဆိုပါ ထိခိုက်မှုများကို လျှော့ချနိုင်ရန် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မူဝါဒတစ်ရပ်အနေဖြင့် သီးနှံအကြွင်းအကျန်များကို မီးရှို့မှုမပြုစေရေး၊ သီးနှံအကြွင်းအကျန်များကို အသုံးချ၍ တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် တိရစ္ဆာန်အစာပြုလုပ်ရေး၊ မြေဆွေးပြုလုပ်သုံးစွဲရေး၊ ကောက်ရိုးစီမံခန့်ခွဲမှုအလေ့အကျင့်များ မြှင့်တင်ရေးအပြင် မှိုစိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် သင်တန်းပေးခြင်း၊ အထွက်နှုန်း ကောင်းမွန်သည့် မှိုမျိုးများ မွေးမြူထုတ်လုပ်ရေးဆိုင်ရာ သုတေသနပြုခြင်းနှင့် နည်းပညာ ပြန့်ပွားခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း၊ မှိုစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းသည် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများ ဖြစ်သည့် သီးနှံ အကြွင်းအကျန်များကို သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေဘဲ အကျိုးရှိအောင် အသုံးချနိုင်ပါကြောင်း၊ သို့ပါ၍ ဌာနတာဝန်ရှိသူများ၊ သုတေသီများ၊ တောင်သူများအားလုံး ပူးပေါင်းပါဝင် ကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့မှ ပညာရှင်သုတေသီများက လယ်ယာကဏ္ဍမှ သီးနှံအကြွင်းအကျန်များ၊ စွန့်ပစ်ပစ္စည်းများမှ တစ်ဖန်ပြန်လည်ဝင်ငွေရရှိနိုင်သော နည်းလမ်းများ၊ မှိုထုတ်လုပ်မှုနှင့် စားသုံးမှုအခြေအနေများ၊ သီးနှံအကြွင်းအကျန်အမျိုးမျိုးအသုံးပြုပြီး မှိုအမျိုးအစားအလိုက် မှိုစိုက်ပျိုးနည်းစနစ်များ၊ မှိုကိုခူးဆွတ်ပြီး တာရှည်ခံအောင်ဆောင်ရွက်သော နည်းလမ်းများ၊ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ မှိုနှင့်ပတ်သက်၍ သင်ကြားပို့ချပေးနေမှုများ၊ မှိုစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းများ၊ လက်ရှိမှိုဈေးကွက် အခြေအနေများကို ဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းခြင်း၊ ဖြည့်စွက်တင်ပြခြင်း၊ သုံးသပ်အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်က မှိုနှင့် ပတ်သက်၍ မိရိုးဖလာအသိပညာများကို သုတေသနပြု၍ ထိန်းသိမ်းရန်လိုအပ်မှု၊ စားသုံး၍ရသည့် မှိုများအကြောင်း မှတ်တမ်းစာအုပ်ပြုစုရန် လိုအပ်ချက်များ၊ မှိုမျိုးစိတ် များစွာရှိသဖြင့် မှိုမျိုးများ ထိန်းသိမ်းခြင်း၊ မှိုစိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ သုတေသနများနှင့် တန်ဖိုးမြှင့် ထုတ်ကုန်များကို တီထွင်ဆန်းသစ်မှုများ ဆောင်ရွက်ရန် လိုအပ်ချက်များကို ဖြည့်စွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သင်္ဘောပေါ်တွင် ထိခိုက်ဒဏ်ရာရသည်ဖြစ်စေ၊ အသက်သေဆုံးသည်ဖြစ်စေ လာရောက်တင်ပြဆွေးနွေးပါက ရပိုင်ခွင့်နှင့်ခံစားခွင့်များအား အချိန်တိုအတွင်း ရရှိနိုင်မည်ဖြစ်ကြောင်း MSF ဖိတ်ခေါ်

**ရန်ကုန် ဩဂုတ် ၁၄**

သင်္ဘောပေါ်တွင် ထိခိုက်ဒဏ်ရာရသည်ဖြစ်စေ၊ အသက်သေဆုံးသည်ဖြစ်စေ လာရောက် တင်ပြဆွေးနွေးပါက ရပိုင်ခွင့်နှင့် ခံစားခွင့်များအား အချိန်တိုအတွင်း ရရှိနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသား အလုပ်သမားအဖွဲ့ချုပ် (MSF) က ဖိတ်ခေါ်ထားသည်။



သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ရင်း ထိခိုက်ဒဏ်ရာရရှိခဲ့သည့် မြန်မာသင်္ဘောသားတစ်ဦးအတွက် ပြည်ပတွင် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရန်၊ မြန်မာပြည်သို့ ပြန်ရောက်ပြီး ဆေးကုသမှုဆက်လက်ခံယူနိုင်ရန်၊ လစာရရှိရန်၊ ခွင့်လစာရရှိရန်၊ လျော်ကြေးရရှိရန် ကိစ္စရပ်များအား ပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားအဖွဲ့ချုပ် (MSF)က ထုတ်ပြန်ထားသည်။

MSF ထံ ချက်ချင်းအကူအညီတောင်းခံလာသည့်အတွက် ယခုကဲ့သို့ဆောင်ရွက်ပေးခြင်းဖြစ်ကာ လအနည်းငယ်အကြာ ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ကိုင်ဆောင်ရွက်ပြီးသည့်အချိန်တွင် ဆေးကုသမှုစရိတ်များနှင့် လျော်ကြေးများအား P&I မှ သတ်မှတ်ချက်များအတိုင်း ရရှိခဲ့ကြောင်းလည်း သိရသည်။ ထို့ကြောင့် သင်္ဘောပေါ်တွင် ထိခိုက်ဒဏ်ရာရရှိသည်ဖြစ်စေ၊ အသက်သေဆုံးသည်ဖြစ်စေ သင်္ဘောသားနှင့် သင်္ဘောသား မိသားစုဝင်များအနေဖြင့် MSF အဖွဲ့ချုပ်သို့ လာရောက်တင်ပြဆွေးနွေးတိုင်ပင်ပါက နောက်ဆက်တွဲလုပ်ကိုင်ရမည့် ရပိုင်ခွင့်နှင့်ခံစားခွင့်များအား အချိန်တိုအတွင်း ရရှိနိုင်မည်ဖြစ်ကြောင်းလည်း အသိပေးထားသည်။

မလေးရှားနိုင်ငံအခြေစိုက် သင်္ဘောကုမ္ပဏီပိုင် MV Tung Sung သင်္ဘောသည် မလေးရှားနိုင်ငံ Kuchin မြို့မှ Sarikei ဆိပ်ကမ်းသို့ မောင်းနှင်နေစဉ် ၂၀၂၃ ခုနှစ် ဇူလိုင် ၂၀ ရက် ဒေသစံတော်ချိန် ၁ နာရီခွဲ၌ Burung ကျွန်း၏အနောက်မြောက်ဘက် ရေမိုင်လေးမိုင်အနီးတွင် ရာသီဥတုဆိုးရွားမှုကြောင့် သင်္ဘောမှာ နစ်မြုပ်သွားခဲ့ရာ သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ရင်း မလေးရှားနိုင်ငံတွင် အသက်ဆုံးရှုံးသွားခဲ့သည့် မြန်မာသင်္ဘောသား လေးဦးအနက်မှ တစ်ဦး၏ ရုပ်အလောင်းမှာ ယနေ့ထိ ရှာဖွေတွေ့ရှိခြင်း မရှိသည့်အတွက် ရုပ်အလောင်းပြန်လည်ရရှိသည့် သင်္ဘောသား သုံးဦး၏ အသက်အာမခံလျော်ကြေးငွေရရှိရန် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကူအညီတောင်းခံခဲ့သဖြင့် လျော်ကြေးရရှိရန် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့အခြေစိုက် မြန်မာသံရုံးမှ လိုအပ်သည့် စာရွက်စာတမ်းများ ဖြည့်ဆည်းပေးသည့်အတွက် မကြာမီချိန်အတွင်း သင်္ဘောသား သုံးဦး၏ အသက်အာမခံလျော်ကြေးရရှိမည်ဟု မျှော်လင့်ရကြောင်း ပြီးခဲ့သည့်ရက်ပိုင်းက MSFက အသိပေးထုတ်ပြန်ခဲ့သည်။

**MT**

# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၄) ထွက်ပြီ

**နေပြည်တော် ဩဂုတ် ၁၄**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည့် **"သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၂၄)"** စာအုပ်သည် ပြည်သူများ အသိဉာဏ်ဗဟုသုတပြည့်စုံစေရန်၊ ပြန်တမ်းဝင်အရာရှိအဆင့် (စတင်ခန့်) စာမေးပွဲများနှင့် အခြားဝင်ခွင့်စာမေးပွဲများ ဖြေဆိုရာတွင် အထောက်အကူဖြစ်စေရန်၊ သိရှိလိုသည့်အချက်အလက်များကို တစ်စုတစ်စည်းတည်း ရှာဖွေလေ့လာဖတ်ရှုနိုင်စေရန် ရည်ရွယ်၍ ၂၀၀၈ ခုနှစ်မှစတင်ကာ နှစ်စဉ်ထုတ်ဝေခဲ့သော စာအုပ်ဖြစ်သည်။

ယခု ၂၀၂၄ ခုနှစ်ထုတ် စာအုပ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းကောက်နုတ်ချက်များနှင့် သဝဏ်လွှာ ကောက်နုတ်ချက်များ၊ မြန်မာ့ရေးရာနှင့် ပတ်သက်သည့် အချက်အလက်များ၊ နိုင်ငံတကာရေးရာ သိမှတ်ဖွယ်ရာများ၊ သံတမန်ရေးရာသိမှတ်ဖွယ်ရာများ၊ ကမ္ဘာ့အထွေထွေသိမှတ်ဖွယ်ရာများ၊ ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ပတ်သက်၍ နောက်ဆုံးအခြေအနေများကို ထည့်သွင်းဖြည့်စွက်ဖော်ပြထားသည်။

ထို့ပြင် နိုင်ငံ့ဝန်ထမ်းလျှောက်ထားခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာ အချက်အလက်များနှင့် ကျန်းမာရေးဆိုင်ရာ သိမှတ်ဖွယ်ရာများလည်း ပါရှိသည့်အတွက် ဗဟုသုတရှာမှီးလိုသူများ၊ ဝင်ခွင့်စာမေးပွဲ ဖြေဆိုမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လက်ကိုင်ထားသင့်သည့် စာအုပ်ဖြစ်သည့်အပြင် အနာဂတ်နိုင်ငံတော်အတွက် လူချွန်လူကောင်းများ၊ ခေါင်းဆောင်ကောင်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် အထောက်အကူပြုမည့် စာအုပ်ဖြစ်သဖြင့် အိမ်တိုင်းရှိ စာအုပ်စင်တိုင်းတွင် ဆောင်ထားသင့်သည့်စာအုပ်ဖြစ်သည်။




ယင်းစာအုပ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ၌ ဝူဖရီးစက္ကူဖြင့် ထုတ်ဝေပြီး နေပြည်တော်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ၊ ဖုန်း ၀၆၇-၃၄၁၂၃၇၁ နှင့် စာပေဗိမာန်အရောင်းဆိုင်တို့တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ထုတ်လုပ်ရေးဌာနခွဲ၊ အမှတ် (၂၂/၂၄) ပန်းဆိုးတန်းလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း ၀၁-၈၃၈၄၈၁၃၊ ၀၁-၈၃၇၁၃၄၂၊ စာပေဗိမာန်အရောင်းဆိုင်များ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်နှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင်လည်းကောင်း ဝယ်ယူရရှိနိုင်သည်။

**သတင်းစဉ်**

## အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတို့ကို **"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့ စွမ်းအားမြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆုရရှိသူများအား နေပြည်တော်တွင် ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဥပဒေဆိုင်ရာ အခြေခံအသိအမြင် ပညာပေးဟောပြော

**ပြည် ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး ပြည်တက္ကသိုလ်ဘက်စုံသုံးခန်းမ၌ ယနေ့နံနက်ပိုင်းက ''ဥပဒေဆိုင်ရာ အခြေခံအသိအမြင် ပညာပေးဟောပြောပွဲ'' အခမ်းအနားကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသက်လွင်က သိသင့်သိထိုက်သော အခြေခံဥပဒေများနှင့် လက်တွေ့ကျင့်သုံးဆောင်ရွက်နေမှုများကို ပြည်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့်ဝန်ထမ်းများအား သိရှိနိုင်စေရန် ရည်ရွယ်၍ ဟောပြောပွဲ ကျင်းပဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ခရိုင် ဒုတိယဥပဒေအရာရှိ ဦးစိုးမြတ်ဦးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ''နိုင်ငံတော်အခြေခံမူများ''၊ ''ဥပဒေပြုရေးကဏ္ဍ''၊ ''တရားဥပဒေစိုးမိုးရေးကဏ္ဍ''၊ ''စီးပွားရေးကဏ္ဍ''၊ ''တပ်မတော်ကဏ္ဍ''၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးဆိုင်ရာအကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအကြောင်းနှင့် နိုင်ငံသားတို့၏တာဝန်များအကြောင်း အပါအဝင် ဥပဒေဆိုင်ရာ အခြေခံသိမှတ်ဖွယ်ရာအကြောင်းများကို အသိပညာပေး ဆွေးနွေးဟောပြောပြီး ပြည်တက္ကသိုလ် ဥပဒေပညာဌာန၊ ပါမောက္ခ(ဌာနမှူး) ဒေါက်တာဝေဝေမြင့်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပါ အခြေခံသိကောင်းစရာ ဥပဒေအကြောင်းများကို အသိပညာပေးဆွေးနွေးဟောပြောရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## သာယာဝတီ၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဆောင်ရွက်

**သာယာဝတီ ဩဂုတ် ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မိခင်နို့တိုက်ကျွေးခြင်းနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် လှုပ်ရှားမှုများကို ဩဂုတ် ၁၄ ရက်က ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံး၌ ကျင်းပသည်။ **(ဓာတ်ပုံ)**



အခမ်းအနားတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်ဝင်းမော်က အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်အေးအေးသန်းက အခမ်းအနား ကျင်းပရသည့်အကြောင်း ရှင်းလင်းပြောကြားကာ မြို့နယ်မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ သားဖွားဆရာမများက ကျန်းမာရေး ဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်ငါးနှစ်အောက်ကလေးများအား အစားအစာများ၊ အိုင်အိုဒင်းဆားထုပ်များ ပေးခဲ့ကြောင်း သိရသည်။

**သန့်ဇော် (ခရိုင်ပြန်/ဆက်)**


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၃၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၃၄၅၊ ဖက်စ် ၀၆၇-၃၆၁၃၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၃၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm


### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၈ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၅၀ ကျပ် | ၂၅၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၉၄၅ ကျပ် | ၃၀၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၅၀ ကျပ် | ၂၈၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၉၀ ကျပ် | ၂၉၇၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၁၀၀ | ၉၁၀၀ | ၇၂၉ | ၆၅၉၉၂၀၀ |
| MTSH | ၃၄၅၀ | ၃၃၅၀ | ၈၃၉၂ | ၂၈၂၂၃၇၀၀ |
| MCB | ၈၅၀၀ | ၈၅၀၀ | ၁၂၆ | ၁၀၇၁၀၀၀ |
| FPB | ၁၈၅၀ | ၁၈၀၀ | ၁၀၁၆၄ | ၁၈၃၀၃၃၅၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၂၀၃ | ၅၆၈၄၀၀ |
| EFR | ၁၇၀၀ | ၁၇၅၀ | ၅၁၅ | ၈၇၆၂၅၀ |
| AMATA | ၀ | ၀ | ၀ | ၀ |
| MAEX | ၃၂၅၀ | ၃၃၀၀ | ၁၆၁၂ | ၅၂၄၈၈၅၀ |

## အရွယ်မရောက်သေးသူအတွက် အုပ်ထိန်းသူအဖြစ်ခန့်ထားရန် လျှောက်ထားကြောင်း အကြောင်းကြားစာ
## (အုပ်ထိန်းသူနှင့်အုပ်ထိန်းခံရသူတို့ အက်ဥပဒေပုဒ်မ ၁၁ )
## ဗိုလ်တထောင်ခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၃၃

ဒေါ်အိဖြိုးဟန် လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်-၄၀ ရပ်နေ မရတီသွန်းလဲ့နှင့် မောင်ဘုန်းဇင်မြတ် (အရွယ်မရောက်သေးသူများ) နှင့် ၎င်းပိုင်သောပစ္စည်းအကြောင်း။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်-၄၀ ရပ်နေ ဒေါ်အိဖြိုးဟန်က အထက်အမည်ပါရှိသော အရွယ်မရောက်သေးသူ မရတီသွန်းလဲ့နှင့် မောင်ဘုန်းဇင်မြတ်တို့၏ မိခင်အရင်းဖြစ်သည်ဟူ၍ ၎င်းတို့၏ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်း လျှောက်ထားသည်ဖြစ်၍ ထိုသို့လျှောက်ထားခြင်းကို လူအများသိစေရန်အလို့ငှာ ဤကြော်ငြာစာကို ထုတ်ဆင့်လိုက်သည်။ ထိုလျှောက်ထားချက်ကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၃ ရက်) နေ့တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သင်းမြမြစိုး)
ဒုတိယခရိုင်တရားသူကြီး (၃)
ဗိုလ်တထောင်ခရိုင်တရားရုံး

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1S/8429 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးသွားပါ၍ ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(သာယာဝတီ)

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ် (၅၄၄/ခ+၅၄၅/က)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့်(၂)ခန်းတွဲ(၆)ထပ် RC အဆောက်အအုံမှ ရောင်းချသူ ဦးရာဇာထွန်း(၁၂/ဥကတ(နိုင်)၁၇၇၄၀၆)ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော လမ်းမှတိုက်သို့မျက်နှာမူလျှင် (၅၄၄/ခ)ဘက် ညာဘက်ခြမ်းရှိ မြေညီထပ်(၁-လွှာ)၊ အခန်းအကျယ်အဝန်း(၁၉x၅၄)ပေ၊ အမြင့်(၁၇)ပေ ရှိပြီး ကိုယ်ပိုင် လျှပ်စစ်မီတာနှင့် ကိုယ်ပိုင်ရေမော်တာပါဝင်သော တိုက်ခန်းတစ်ခန်းသည် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချသူက မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူများက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ရီရီသန့်
LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၉၃၉)
အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန်(B)၊ တိုက်အမှတ်(B4)၊ အခန်းအမှတ်(802)၊ Type (B) ၊ Area ( 946 ) sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နန်းခင်ခင်ကြီး ၁၂/ဗဟန(နိုင်)၀၇၅၆၄၆ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ရန်မန်ဟွမ်(၁၃/ကခန(နိုင်)၀၃၉၆၇၃)
Ph-09251360702

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 19W/32344 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)

**သင့်စီးပွားရေး လုပ်ငန်းများအောင်မြင်ဖို့ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစို့**

## ခါးသွေးကျောက်

ကုန်ကြမ်း
၅တန်
ရောင်းရန်ရှိသည်။
ဦးသန်းအောင်
ဖုန်း-၀၉-၅၁၈၉၅၅၉

## ဖခင်အမည်မှန်

ကွမ်းခြံကုန်းမြို့နယ်၊ တော်ကလိပ်ကျေးရွာ၊ အထက Grade- 11 မောင်အောင်ဘုန်းခန့်ကျော်၏ ဖခင်အမည် မှန်မှာ ဦးခင်စန်း ၁၂/ကခက(နိုင်)၀၃၄၈၅၇ ဖြစ်ပါကြောင်း။

ဦးခင်စန်း




## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အထက (ခွဲ) နမ့်ဆီး Grade-10မှ နန်းနှင်းဆီ၏ ဖခင်အမည်မှန်မှာ ခွန်အောင်ကျော်စိုး ၁၃/ဟပန(နိုင်)၀၂၅၆၈၄ ဖြစ်ပါကြောင်း။

ခွန်အောင်ကျော်စိုး

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဇမ္ဗူသီရိမြို့နယ်၊ အထက (၁၁) Grade-9 ကုမုဒြာပန်းအခန်းမှ မဖြူသွယ်အောင်၏ဖခင် ဦးအောင်မင်း ၉/ပမန(နိုင်) ၂၀၀၂၅၁ နှင့် ဦးရှန်ဟဲမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးအောင်မင်း(ခ)ဦးရှန်ဟဲ

## ဖခင်အမည်မှန်

မိုးကောင်းမြို့နယ်၊ အထက (နမ်မတီး) Grade-12(C)မှ မနဒီလှိုင်၊ Grade-10(A)မှ မသိင်္ဂီမိုးနှင့် မသိင်္ဂီစိုးတို့၏ ဖခင်အမည်မှန်မှာ ဦးလင်းဦး ၁/မကတ(နိုင်) ၀၆၂၁၁၅ ဖြစ်ပါကြောင်း။

ဦးလင်းဦး

## ပတ်စ်ပို့ပျောက်

သီပေါမြို့၊ နမ့်လန်အုပ်စု၊ မမုံဟိန်းရပ်ကွက်နေ ဦးရန်တုံဆုံ၏ သမီး မကြူလန်(ခ)ခိုင်ဇာလင်း ၁၃/နစန(နိုင်)၀၂၇၀၇၉၏ နိုင်ငံကူးလက်မှတ် အမှတ်(MB-620570) မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၆၀၅၅၃၈၃

## ဖခင်အမည်မှန်

ဝေါမြို့နယ်၊ အထက (ခွဲ) ကေရာဇ်ကျောင်း Grade-10 မှ မသူဇာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆန်းဝင်း ၇/ဝမန(နိုင်) ၁၂၈၄၄၉ ဖြစ်ပါကြောင်း။

ဦးကျော်ဆန်းဝင်း

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၈-၂၀၂၄ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၈) ကြော်ငြာစာ (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ- ၂၈၃) မိတ္ထီလာခရိုင် တရားရုံးတော်၌ ကြော်ငြာတွင် ဦးဘော်လ်ခင် အစား ဦးဘော်လ်ဒင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပတ်စ်ပို့ပျောက်

သီပေါမြို့၊ နမ့်လန်အုပ်စု၊ မမုံဟိန်းရပ်ကွက်နေ ဦးဝူဝမ်ချန်၏ သမီးမထွေးထွေးစိန် ၁၃/သပန(နိုင်)၁၄၀၆၉၀၏နိုင်ငံကူး လက်မှတ် အမှတ်(MB-620567)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၉၉၉၈၅၆

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၉၃

ဒေါ်ကျိုကင်း နှင့် ဦးသန်းမြင့်
(၎င်း၏အထွေထွေကိုယ်စားလှယ်
စာရသူ ဒေါ်နန်းမိုင်ခမ်း)
**တရားလို** **တရားပြိုင်**

တောင်ကြီးမြို့နယ်၊ ကံကြီးရပ်ကွက်၊ ရွှေတောင်ကြားအိမ်ရာနေ ဦးသန်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်ကျိုကင်း (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်နန်းမိုင်ခမ်း)က အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်၊ (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ( ၁၄ ) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်ခိုင်ဖြိုး)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
တောင်ကြီးမြို့နယ်တရားရုံး

## စာအုပ်စာပေ လှူမိတ်ဆွေ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 21U/1545, အမည်ပေါက်သူ ဦးချမ်းမြေ့အောင် ၇/ဝမန(နိုင်)၁၉၆၈၂၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 59W/37966, WSC Click ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြမြအေး ၁၃/ဖခန(နိုင်) ၀၆၁၁၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊လှိုင်ကော်

## ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုန်ဝန်တောင်ရပ်ကွက်၊ ဝေဠုန်ဝန်လမ်းကျယ်လမ်း၊ အမှတ်(၂၈)၊ (ဖြလွှာဘီ)(၁၂.၅ x ၅၀)ပေရှိ ရေ၊ လျှပ်စစ်မီးစုံတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါသည်

အထက်ဖော်ပြပါတိုက်ခန်းကို လက်ရှိပိုင်ဆိုင်သူများက မိမိတို့မှ ဥပဒေနှင့်အညီ ပိုင်ဆိုင်သူများဖြစ်ကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်အတွက် ဦးသန်းလွင် ၁၂/စခန(နိုင်)၀၄၇၇၅၈နှင့် ဒေါ်စိုးစိုးဝင်း ၁၂/အလန(နိုင်)၁၁၀၅၈၀ တို့က အဆိုပြုကမ်းလှမ်းရာ ဒေါ်သိမ့်သိမ့်အေး ၇/ကဝန(နိုင်)၁၂၆၄၉၁မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ရောင်းချသူတို့မှ ပြောင်းရွှေ့ရန် အဆင်ပြေချောမွေ့စေရန်အတွက် တိုက်ခန်းတန်ဖိုးငွေ အပြေအကြေပေးချေပြီး ၁၀ရက်အတွင်း ပြောင်းရွှေ့မည်ဖြစ်ကြောင်း ထပ်မံဝန်ခံကတိပြုကြပါသည်။ သို့ဖြစ်ပါ၍ ယခုအရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန်းထွန်း B.Sc,H.G.P,D.B.L,D.M.L
အထက်တန်းရှေ့နေ(စဉ်-၁၀၆၁၆)
ဖုန်း-၀၉-၅၁၈၃၃၂၆

## မြန်မာနိုင်ငံစာရင်းကောင်စီ
## ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း) သင်တန်းအမှတ်စဉ် ၄၄ သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ ဒီပလိုမာစာရင်းကိုင်(ပထမပိုင်း)သင်တန်း အမှတ်စဉ်-၄၄ ကို မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးဖွင့်လှစ်သည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (နေပြည်တော်/ ရန်ကုန်) နှင့် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတို့၌ ၄-၁၁-၂၀၂၄ ရက်နေ့မှစ၍ ဖွင့်လှစ်ပါမည်။ သင်တန်းကာလမှာ ပထမပိုင်း(တစ်နှစ်)နှင့် ဒုတိယပိုင်း(တစ်နှစ်) ဖြစ်ပါသည်။

၂။ သင်တန်းသို့ အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။

၃။ ကောင်စီကကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း(နေပြည်တော်/ရန်ကုန်)တွင် တက်ရောက်ရမည့် သင်တန်းချိန်မှာ ပထမပိုင်းသင်တန်းအတွက် ရုံးဖွင့်ရက်များနှင့် စနေနေ့တွင် နံနက် ၇:၀၀ နာရီမှ ၈:၅၀ နာရီအထိ၊ ဒုတိယပိုင်းသင်တန်းအတွက် ရုံးဖွင့်ရက်များတွင် နံနက် ၇:၀၀ နာရီမှ ၈:၅၀ နာရီအထိ၊ စနေနေ့များတွင် နံနက် ၇:၀၀ နာရီမှ ၁၀:၅၀ နာရီအထိဖြစ်ပါသည်။

၄။ အဆိုပါသင်တန်းကို တက်ရောက်မည့် သင်တန်းသားများအနေဖြင့် မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (နေပြည်တော်/ရန်ကုန်) သို့မဟုတ် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများတွင် စုစုပေါင်းသင်တန်းတက်ရောက်ချိန် ၆၀% ပြည့်မီအောင် တက်ရောက်သင်ကြားရမည်ဖြစ်ပါသည်။ သင်တန်းတက်ရောက်ပြီး ၆၀% မပြည့်မီသည့် သင်တန်းသားများသည် နောင်ပညာသင်နှစ်တွင် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (နေပြည်တော်/ရန်ကုန်) သို့မဟုတ် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသည့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင် စုစုပေါင်းသင်တန်းတက်ရောက်ချိန် ၆၀% ပြည့်မီအောင် ပြန်လည်တက်ရောက်ရန် လိုအပ်မည်ဖြစ်ပြီး သင်တန်းသားအဖြစ် မပျက်မကွက် ပြန်လည်မှတ်ပုံတင်ရမည်။ တစ်ကြိမ်တည်းဖြင့် စာမေးပွဲအောင်မြင်ခြင်းမရှိလျှင်ဖြစ်စေ၊ သင်တန်းတက်ရောက်ပြီး ၆၀% ပြည့်မီသော်လည်း အကြောင်းအမျိုးမျိုးကြောင့် စာမေးပွဲဖြေဆိုခဲ့ခြင်း မရှိလျှင်ဖြစ်စေ နောင်ပညာသင်နှစ်တွင် သင်တန်းသားအဖြစ် မပျက်မကွက် ပြန်လည်မှတ်ပုံတင်ရမည်။

၅။ စာမေးပွဲကို Module အလိုက် ဖြေဆိုခွင့်ပြုခြင်းအား ၂၉-၉-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်- ၁၅/၂၀၂၀ ဖြင့် ထုတ်ပြန်ထားပါသည်။

၆။ သင်တန်းတက်ရောက်လိုသူများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (ရန်ကုန်) အမှတ် ၁/၁၉၊ သခင်မြပန်းခြံလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့တွင် ၁၅-၈-၂၀၂၄ ရက်နေ့မှ ၂၉-၈-၂၀၂၄ ရက်နေ့အတွင်း ရုံးဖွင့်ရက်များ၌ နံနက် ၁၀:၀၀ နာရီမှ ညနေ ၃:၀၀ နာရီအတွင်း လျှောက်ထားသူကိုယ်တိုင် လျှောက်လွှာကို ကျပ်၁,၀၀၀ ဖြင့် ဝယ်ယူ၍ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကိုပူးတွဲလျှောက်လွှာတင်သွင်းပြီး ကိုယ်တိုင် Online ဖြင့် **https://registration.oagmac.gov.mm/register/** သို့ ဝင်ရောက်လျှောက်ထားရမည်-

(က) ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့ထောက်ခံစာ (မူရင်းနှင့်မိတ္တူ)
(ခ) အသက် (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့် မိတ္တူ)
(ဂ) တစ်လအတွင်း ရိုက်ကူးထားသည့် ၁"x၁" အရွယ် လိုင်စင်ဓာတ်ပုံ ၂ပုံ
(ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းစိစစ်ရေးကတ် ပြား(မူရင်းနှင့်မိတ္တူ) နှင့် သက်ဆိုင်ရာဌာနအကြီးအကဲ၏ သင်တန်းတက်ရောက်ခွင့်ပြုကြောင်းထောက်ခံချက် (ကောင်စီကဖွင့်လှစ်သည့် သင်တန်းကျောင်းများတွင် တက်ရောက်မည့်သူများသာ)

၇။ ဘွဲ့လက်မှတ် သို့မဟုတ် ဘွဲ့ထောက်ခံစာပါ (အမည်၊ ဖခင်အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်)များသည် နိုင်ငံသားစိစစ်ရေးကတ်ပြားပါ ဖော်ပြချက်များနှင့် ကိုက်ညီရမည်။ ဘွဲ့နှင်းသဘင်မကျင်းပရသေးသဖြင့် ဘွဲ့လက်မှတ်မရရှိသေးသူများမှအပ ကျန်လျှောက်ထားသူများသည် ဘွဲ့လက်မှတ်မူရင်းကို မပျက်မကွက် တင်ပြရမည်။ လိုအပ်ချက်မပြည့်စုံသည့် လျှောက်လွှာများ၊ သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်သွင်းသောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ တက်ရောက်ခွင့်ရသူများ၏စာရင်းကို ၁၆-၉-၂၀၂၄ ရက်နေ့တွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်နှင့် ရန်ကုန်တို့ရှိ ကြော်ငြာသင်ပုန်းနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံး website: **www.oagmac.gov.mm** တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း မြန်မာနိုင်ငံစာရင်းကောင်စီရုံး ဖုန်းနံပါတ်၊ ၀၁-၂၃၀၂၆၅၉၊ ၀၉-၇၅၈၃၈၃၁၅၉၊ ၀၉-၂၅၀၄၅၇၆၂၄၊ ၀၉-၆၈၉၉၃၈၉၁၉ တို့ကို ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**မြန်မာနိုင်ငံစာရင်းကောင်စီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/5423 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3S/8797, Ford Ranger, P/U (4x4)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်စောစန္ဒာ ၇/တငန(နိုင်) ၁၁၇၆၂၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9B/5257, Nissan Diesel ,Bowser Fuel ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရှုလွှမ် ၆/သရခ(နိုင်) ၀၀၁၁၂၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံးခွဲ
(ရွာသာကြီး)ရန်ကုန်မြို့

## အကြောင်းပြပေးရန် အကြောင်းကြားစာ
## သဃ်န်းကျွန်းခရိုင်တရားရုံး
## ၂၀၂၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၆၈

ဦးအောင်ရဲထွန်း နှင့် ၁။ ဦးအာမတ်ရောရှိတ်
၂။ ဦးမိုဟာမက်ဒါဝတ်
၃။ ဦးဖရွတ်(ခ)မောင်မောင်
၄။ ဒေါ်နွယ်နီပွင့်ခိုင်
၅။ ဦးဝင်းနိုင်
၆။ ဦးသန်းမြင့်
၇။ ဒေါ်သန်းသန်းအေး
(လျှောက်ထားခံသူ(၁)မှ (၇)၏ အခွင့်ရကိုယ်စားလှယ် ဦးအောင်မြင့်)
၈။ ဦးလှဝင်း

(လျှောက်ထားသူ) (လျှောက်ထားခံရသူများ)

အထက်အမည်ပါ အမှုမှ အမှတ်(၈)လျှောက်ထားခံရသူ ဦးလှဝင်း၊ အမှတ်(၁၆၃)၊ ရတနာမဥ္ဇူလမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေသူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါ ဦးအောင်ရဲထွန်းက ဤရုံးသို့ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈ နှင့် နည်းဥပဒေ ၆၀ တို့အရ ပညတ်အမိန့်ပါ ဝရမ်းစွဲကပ်ထားခြင်းအား ခွာပေးစေလိုမှု လျှောက်ထားသည်ဖြစ်၍ ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၂ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လကွယ်နေ့) နံနက် ၁၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့် ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ် ကြားနာစစ်ဆေးဆုံးဖြတ်လိမ့် မည်။

၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင့်တင့်ငွေး)
တွဲဖက်ခရိုင်တရားသူကြီး(၃)
သဃ်န်းကျွန်းခရိုင်တရားရုံး

## အကြောင်းပြပေးရန် အကြောင်းကြားစာ
## သဃ်န်းကျွန်းခရိုင်တရားရုံး
## ၂၀၂၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၆၉

ဒေါ်ကြည်ကြည်ဝင်း နှင့် ၁။ ဦးအာမတ်ရောရှိတ်
၂။ ဦးမိုဟာမက်ဒါဝတ်
၃။ ဦးဖရွတ်(ခ)မောင်မောင်
၄။ ဒေါ်နွယ်နီပွင့်ခိုင်
၅။ ဦးဝင်းနိုင်
၆။ ဦးသန်းမြင့်
၇။ ဒေါ်သန်းသန်းအေး
(လျှောက်ထားခံသူ(၁)မှ (၇)၏ အခွင့်ရကိုယ်စားလှယ် ဦးအောင်မြင့်)
၈။ ဦးလှဝင်း

(လျှောက်ထားသူ) (လျှောက်ထားခံရသူများ)

